ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ သောကြာနေ့၊ (25-8-2006) (၅၀၆၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယားအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယားနှင့် အဖွဲ့ဝင်များအား ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်တရားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယားအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးမုံ ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာပြိုင်ပွဲကြီးတွင် တိုင်းရင်းသားအနုပညာရှင်များပေါင်းဆုံ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ညီအစ်ကိုမောင်နှမများအကြား ချစ်ခင်ရင်းနှီးမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုခိုင်မာလာမည်ဖြစ်သည်။ (ခေါင်းကြီး) စာမျက်နှာ–၂

☆ လူ့ဘောင်လောက နေထိုင်ကြသည့် လူသားအားလုံး ယဉ်ကျေးသိမ်မွေ့လာအောင်၊ လူသားအချင်းချင်း တစ်ဦးပေါ်တစ်ဦး ကိုယ်ချင်းစာနာ ထောက်ထားကြင်နာတတ်အောင် စည်းရုံးသိမ်းသွင်းနိုင်သောအရာသည်ကား မေတ္တာတရားပင်ဖြစ်ပါသည်။
သတင်းထောက်အောင်ဝင်း(ဖျာပုံ)၏ **"ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့များ"**
(ဆောင်းပါး) စာမျက်နှာ–၆

ကြေးမုံ ယနေ့မိုးလေဝသ (၂၅–၈–၂၀၀၆)

နေပြည်တော်	ရန်ကုန်	မန္တလေး
နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၈-၂၀၀၆
(သောကြာနေ့)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အသွင်သဏ္ဌာန်ရောအနှစ်သာရပါ ပြည့်ဝရေးအလေးထားယှဉ်ပြိုင်

နိုင်ငံတော်က နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရန် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိသည်။ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရေး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယခုနှစ်တွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ထူးချွန်အနုပညာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာပြိုင်ပွဲကြီးတွင် တိုင်းရင်းသား အနုပညာရှင်များ ပေါင်းဆုံယှဉ်ပြိုင်ကြမည် ဖြစ်ရာ ညီအစ်ကိုမောင်နှမများအကြား ချစ်ခင်ရင်းနှီးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ပိုမိုခိုင်မာလာမည်ဖြစ်သည်။

ယနေ့ကာလတွင် တိုင်းတစ်ပါးမှ စက်မှုအခြေခံတေးဂီတများ၊ အဆို၊ အကနှင့် ဓလေ့စရိုက်များ လူငယ်ထုအတွင်း စိမ့်ဝင်ပျံ့နှံ့လွှမ်းမိုးလာနေသည့်အန္တရာယ်ကို မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များဖြင့်သာ တားဆီးတွန်းလှန်နိုင်ကြမည်ဖြစ်သည်။ အနုပညာရှင်များအပါအဝင် ပြည်သူတစ်ရပ်လုံးအနေဖြင့် မျိုးရိုးဇာတိမာန် ထက်သန်ပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုများကို တန်ဖိုးထားထိန်းသိမ်းကာကွယ်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ယခုနှစ် ဇာတ်တော်ကြီးပြိုင်ပွဲ၊ ရုပ်သေးပညာရှင်အဆင့်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ရမည့် ဇာတ်တော်ကြီး၊ အဆိုနှင့် အတီး ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်ရမည့် တေးသီချင်းများကို ကြိုတင်ဖြန့်ဝေ အသိပေးထားပြီးဖြစ်ရာ ပြိုင်ပွဲဝင်အနုပညာရှင်များ အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းအားထုတ် လေ့ကျင့်သွားကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပနေခြင်းသည် အမျိုးသားရေးလုပ်ငန်းစဉ် တစ်ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ ဝါရင့်အနုပညာရှင်များ၊ သဘင်၊ ဂီတ၊ ရုပ်စုံ ရုပ်သေး၊ အကစသည့် နယ်ပယ်စုံမှ ပြိုင်ပွဲဝင်ကြမည့် အနုပညာရှင်များက မြန်မာ့ရိုးရာ သုခုမအနုပညာရပ်များကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက်ကောင်းမွန် ပြည့်ဝစေရေး အလေးထား ယှဉ်ပြိုင်ဆင်နွှဲကြခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဆက်လက်ထွန်းကား ပြန့်ပွားနေမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ချယ်ရီလမ်းနေ ကမ္ဘာ့လှည့် ဒေါ်တင်တင်စိန် မဟာသဒ္ဓမ္မဇောတိကဓဇ မိသားစုမှ အလှူတော်ငွေကျပ် ၁၁၁၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူ့ သဘောထား

စိုက်ပျိုး

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ရွှေဘိုမြို့ ၂၀၀၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတွင် အရိပ်ရလေကာပင်အား စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သာအေး အင်းတော်–ရွှေဘိုကြား ရထားလမ်းကြံ့ခိုင်မှုစစ်ဆေး ကန့်ဘလူနှင့် ရွှေဘိုမြို့တို့တွင် သစ်ပင်ပျိုးပင်များ စိုက်ပျိုး၊ မဟာနန္ဒာကန် ကြည့်ရှု

နေပြည်တော် ဩဂုတ် ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက အင်းတော်ဘူတာမှ ရွှေဘိုဘူတာထိ သံလမ်းပြေးကားရထားဖြင့် ရထားလမ်း ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ လမ်းပြင်လုပ်သားများအား ထောက်ပံ့ငွေများ ပေးအပ်၍ ရထားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ မိုးစပါးစိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်တိုင်းမှူးသည် ကန့်ဘလူမြို့ မြို့မဈေးသစ်အပိုင်း(၂) ဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ ဈေးကော်မတီဥက္ကဋ္ဌက ကန့်ဘလူမြို့ မြို့မဈေးသစ်တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရွှေဘို–မြစ်ကြီးနားလမ်းမှ ကန့်ဘလူမြို့အဝင်ရှိ လွတ်လပ်ရေး ကျောက်တိုင်နေရာသို့ သွားရောက်၍ ကန့်ဘလူမြို့နယ် ဌာနပေါင်းစုံ ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးပြီး လွတ်လပ်ရေး ကျောက်တိုင်အနီး၌ တိုင်းမှူးနှင့် တာဝန်ရှိသူများက သစ်ပင်ပျိုးပင်များ အမှတ်တရ စိုက်ပျိုးပေးကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဇဝနထံမှ အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြ၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်သည်။ အဆိုပါ အခမ်းအနားတွင် ဆွမ်းဆန်တော် ၂၁ အိတ်၊ ဆီ ပိဿာ ၇၀၊ သကြားနှင့် ခုနစ်စုံနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသူ၊ ကျောင်းသားများနှင့်အတူ ရွှေဘိုမြို့ ရွှေဘိုဒီဂရီကောလိပ်၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာများတွင် ခရေ၊ ကံ့ကော်၊ ပိတောက်၊ တမာ၊ မဲဇလီ၊ ယူကလစ်၊ စိန်ပန်း စုစုပေါင်း သစ်ပင်ပျိုးပင် ၅၀၀၀ ကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူးသည် ရွှေဘိုမြို့ မဟာနန္ဒာကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ရွှေဘိုမြို့ အောင်မြေကျောင်းတိုက်၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် စစ်ကိုင်းတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညိုပြီး တက်ရောက်လာကြသူများနှင့်အတူ ရွှေဘိုမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ပင်လောင်းမြို့နယ် ဆောင်းပြောင်းကျေးရွာ၌ အသင်းဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(တောင်ပိုင်း)နယ်မြေတာဝန်ခံဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်လင်း လိုက်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် ဆောင်းပြောင်း ကျေးရွာအုပ်စုသို့ ဩဂုတ် ၂၀ရက် ညနေပိုင်းတွင် ရောက်ရှိပြီး ပရိယတ္တိစာသင်တိုက် ကျောင်းထိုင်ဆရာတော် ဦးဝီရိယဓမ္မနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ ဆောင်းပြောင်း ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ ရပ်မိ ရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအစု၊ အစိတ်ခေါင်းဆောင်များ၊ အသင်းဝင်များ၊ ရွာသူ၊ ရွာသားအင်အား ၇၀၀ကျော်အား တွေ့ဆုံ၍ ဒေသခံပြည်သူများအနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပင်လောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပင်လောင်းမြို့နယ် အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အစု၊ အစိတ်ခေါင်းဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ၍ အသင်းလုပ်ငန်းဆိုင်ရာများ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျွမ်းဘားဒိုင်လူကြီးသင်တန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကျွမ်းဘားဒိုင်လူကြီးသင်တန်းဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီခွဲတွင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်းတင်ဒါခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျွမ်းဘား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ နည်းပြဆရာများ၊ သင်တန်းသားများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂျပန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ကျွမ်းဘားဒိုင်လူကြီး Mr. Kato Sawao နှင့် သင်တန်းသားများအား မိတ်ဆက်ပေးပြီး မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေလင်းအောင်က သင်တန်းအဖွင့် အမှာစကားပြောကြားသည်။ ထို့နောက်သင်တန်းနည်းပြဆရာ Mr. Kato Sawao က မိတ်ဆက်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၄

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယား ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Suphot Dhirakaosal ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယားအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယား ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးခင်မောင်သိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြပြီး ဧည့်သည်တော်နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။
(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယား လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဩဂုတ် ၂၄

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန
(က) ဗိုလ်မှူးကြီးကျော်ကျော်ဝင်း	ညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး
(ခ) ဗိုလ်မှူးကြီးသန့်ရှင်း	ညွှန်ကြားရေးမှူးချုပ် အစိုးရအဖွဲ့ရုံး
(ဂ) ဒေါက်တာဦးခင်လှ	ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ဃ) ဦးခင်မောင်လေး	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(င) ဦးစံပြည့်	ညွှန်ကြားရေးမှူးချုပ် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမြင့်သိန်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီးချစ်ချိုင်းဗာနာဆာတီဒီယားနှင့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံ

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်း ဗာနာဆာတီဒီယား လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့က ကြီးမှူး၍ "Refresher Course 2006 " သင်တန်းကို ဩဂုတ် ၂၆ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ) တွင် သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များနှင့် ဆေးကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ပြောင်းရွှေ့ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းကို လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း (၉)ရပ်ကွက် အမှတ်(၂၉)ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မြေညီထပ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်သည်။ အသင်းနှင့် သက်ဆိုင်သည့် ရုံးကိစ္စလုပ်ငန်းများကို ဖုန်း-၂၁၄၈၃၉၊ ၂၁၄၈၄၀၊ email: mfptma @ mptmail. net.mm တို့ဖြင့် ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ်၌ကျင်းပသည့် ကင်ဒိုအပြည်ပြည်ဆိုင်ရာ ရွက်လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသူများကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့် အိန္ဒိယကုန်သွယ်ရေး ဆောင်ရွက်ရာတွင် နီပေါကို ကြားခံနယ်မြေအဖြစ် အသုံးပြုရန် သဘောတူ

ခတ္တမန္ဒူ ဩဂုတ် ၂၃

တရုတ်နှင့် အိန္ဒိယကုန်သွယ်ရေး လုပ်ငန်းအတွက် ကြားခံနယ်မြေအဖြစ် နီပေါနိုင်ငံကို အသုံးပြုရန် အိန္ဒိယနှင့် နီပေါ နှစ်နိုင်ငံအထက်တန်းအရာရှိများ အစည်းအဝေးတွင် သဘောတူကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာပေါ်တွင် စီးပွားရေး လျင်မြန်စွာ တိုးတက်နေသော တရုတ်-အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်ရေး ဆောင်ရွက်ရာတွင် ကြားခံနိုင်ငံအဖြစ် ဆောင်ရွက်ရန် သဘောတူညီကြောင်း နီပေါနိုင်ငံ၏ စက်မှု၊ စီးပွားနှင့် ထောက်ပံ့ရေးဝန်ကြီးဌာန အတွင်းဝန် ဘာရတ်ဘာဟာ ဒါသာပါက ဩဂုတ် ၂၂ ရက်က သတင်းထောက်များကို ပြောကြားခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်နီးပါးက ဆွေးနွေးမှု ရပ်ဆိုင်းထားခဲ့သော ကုန်သွယ်ရေး ဆွေးနွေးပွဲများကိုအိန္ဒိယ-နီပေါ နှစ်နိုင်ငံမှ အထက်တန်းအရာရှိများ ဆွေးနွေးကြမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲကို ဩဂုတ် ၂၄ ရက်နှင့် ၂၅ရက် တို့တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ အခြေခံ အဆောက်အအုံနှင့်ကြားခံကုန်သွယ်ရေး နယ်မြေကိစ္စရပ်တို့ကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သာပါက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မြောက်ဘက်တွင် ရထားတိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရုရှားနှင့်ဂရိ စွမ်းအင်ဆိုင်ရာ ဆွေးနွေးမည်

အေသင် ဩဂုတ် ၂၃

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် စွမ်းအင်ဆိုင်ရာ ပူးတွဲစီမံကိန်း ကိစ္စရပ်များ ဆွေးနွေးရန်နှင့် အေသင်မြို့၌ စက်တင်ဘာ ၄ ရက်တွင် ဂရိနိုင်ငံ ဝန်ကြီးချုပ် ကော့စ်တာကာရာမန်လစ်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အစိုးရဌာနမှ တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

ဘူလ်ဂေးရီးယားနိုင်ငံ ဝန်ကြီးချုပ် ဆာဂျီစတန်နီရှဗ်လည်း ဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်ပြီး အဓိကရေနံပိုက်လိုင်း စီမံကိန်းကိစ္စကို ဦးတည် ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

ရုရှားရေနံကို ဘူလ်ဂေးရီးယားနိုင်ငံ ဘာဂက်စ်မြို့မှ ဂရိနိုင်ငံ အလက်ဇန်းဒရိုပေါ်လစ်မြို့သို့ သယ်ယူမည့် ရေနံပိုက်လိုင်းသွယ်တန်းရေး နှောင့်နှေးကြန့်ကြာမှုတွင်ယင်းနိုင်ငံသုံးနိုင်ငံပါဝင်ပတ်သက်လျက် ရှိသည်။ ဆယ်စုနှစ်တစ်စုကျော် အချိန်ကြာသည့်တိုင်အောင် အမေရိကန်ဒေါ်လာသန်း ၉၀၀ ကျခံသွယ်တန်းမည့် ယင်းရေနံပိုက်လိုင်းသွယ်တန်းမှုမှာပြီးစီးခြင်းမရှိသေးပေ။

အမ်အင်အေ၊ရိုက်တာ။

သဘာဝဘေးအန္တရာယ် စောင့်ကြည့်ရေး ဂြိုဟ်တုသုံးလုံး ၂၀၀၇ ခုနှစ်တွင် တရုတ်နိုင်ငံ လွှတ်တင်မည်

ပေကျင်း ဩဂုတ် ၂၃

သဘာဝဘေးအန္တရာယ် စောင့်ကြည့်ရေး အသေးစား ဂြိုဟ်တုသုံးလုံးကို ၂၀၀၇ ခုနှစ်တွင် တရုတ်နိုင်ငံက လွှတ်တင်မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြိုတင်ခန့်မှန်းသောကွန်ရက်အဖြစ် ယင်းဂြိုဟ်တုအပါအဝင် ၂၀၁၀ ပြည့်နှစ်တွင် နောက်ထပ်ဂြိုဟ်တု ငါးလုံးကို ထပ်မံလွှတ်တင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

တည်ဆောက်

သဘာဝဘေးအန္တရာယ် ကြိုတင်ခန့်မှန်းရေးနှင့် စောင့်ကြည့်ရေးအတွက် မြေပြင်မှ ဝေဟင်ဆက်သွယ်ရေးစနစ်ကို ၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံက တည်ဆောက်သွားမည်ဖြစ်သည်။ ထိုအချိန်တွင် နောက်ထပ် ဂြိုဟ်တု ငါးလုံးကို ထပ်မံပစ်လွှတ်မည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးသင်တန်းတွင် အရပ်ဘက်ရေးရာဝန်ကြီးဌာန သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဌာန ညွှန်ကြားရေးမှူး ဝမ်ဇန်ယာအိုက အထက်ပါအတိုင်း ပြောကြားခဲ့သည်။ အဆိုပါ သင်တန်းကို တရုတ်နိုင်ငံ အရပ်ဘက်ရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတကာအရပ်ဘက် ကာကွယ်ရေးအဖွဲ့အစည်းတို့က ပူးပေါင်းပြုလုပ်ကြသည်။

တရုတ်နိုင်ငံသည် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းကို နည်းပညာဆိုင်ရာ အပိုင်းများ၌ ၂၀၀၁ ခုနှစ်ကတည်းက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ဝမ်က ပြောကြားသည်။

ကြိုတင်ခန့်မှန်း

၁၉၉၀ ပြည့်နှစ် အချိန်ကာလက ဘေးအန္တရာယ် ကြိုတင်ခန့်မှန်းရေးနှင့် စောင့်ကြည့်ရေးစနစ် ဂြိုဟ်တု တပ်ဆင်ခြင်း ပြုလုပ်ရန် အဆိုပြုထားကြပြီး တရုတ်နိုင်ငံ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးအဖွဲ့၊ ဘေးအန္တရာယ်လျော့ပါးရေး အမျိုးသားကော်မရှင်နှင့် တရုတ်နိုင်ငံ အာကာသ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့က ရှေ့လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒေါ်လာအတု လက်ဝယ်တွေ့ရှိသူများ ဇမ်ဘီယာတွင် ဖမ်းဆီး

လူဆာကာ ဩဂုတ် ၂၃

အမေရိကန်ဒေါ်လာအတုကိုင်ဆောင်ထားခြင်းနှင့် မူးယစ်မှောင်ခိုလုပ်ငန်း လုပ်ကိုင်ခြင်းတို့အတွက် ဇမ်ဘီယာနိုင်ငံသားနှစ်ဦးနှင့် ကွန်ဂိုနိုင်ငံသား သုံးဦးကို ဇမ်ဘီယာနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မတီ (ဒီအီးစီ)က ဖမ်းဆီးခဲ့သည်ဟု ဒီအီးစီကော်မရှင်က ဩဂုတ် ၂၂ရက်တွင် ပြောကြားသည်။

မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်မှုအတွက် ဇမ်ဘီယာနိုင်ငံသား ကိုးဦးကိုလည်း ဒီအီးစီကော်မရှင်က ဖမ်းဆီးခဲ့သည်။ အမေရိကန် ဒေါ်လာအတုကိုင်ဆောင်သော ကွန်ဂိုနိုင်ငံသား နှစ်ဦးကို ဖမ်းဆီးထားကြောင်း၊ သိမ်းဆည်းရမိသော ဒေါ်လာများသည် အမေရိကန်ဒေါ်လာ ၁၆၄၂၇၆ရှိကြောင်းဒီအီးစီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရိုစတန်ချုလူက ပြောကြားသည်။

အလေးချိန် ၂၃၁၈ရမ်ရှိ ဒိုင်ယာစီပမ်ဆေးပြား ၂၀၀၀ မှောင်ခိုသယ်ဆောင်လာသော ကွန်ဂိုနိုင်ငံသား နှစ်ဦးကိုလည်း ထပ်မံဖမ်းဆီးခဲ့သည်။ တစ်ချိန်တည်းမှာပင် တန်ဇန်းနီးယားနိုင်ငံ နာကွန်ဒီ နယ်စပ်ရှိ အဖွဲ့ကလည်း အလေးချိန် ၁၅ဒသမ၉ကီလိုရှိ မူးယစ်ဆေးဝါးအထုပ် ၁၈ထုပ် သယ်ဆောင်လာသော တန်ဇန်းနီးယား နိုင်ငံသား နှစ်ဦးကို ဖမ်းဆီးခဲ့သည်။

ဆိုလ်ဝီဇီပြည်နယ် အနောက်မြောက်ဘက်တွင်လည်း ၂၄ ဒသမ ၇ကီလိုရှိ ဆေးခြောက် သယ်ဆောင်လာသူ ဇမ်ဘီယာနိုင်ငံသားခြောက်ဦး၊ တောင်ဘက်စွန်းပြည်နယ်တွင်လည်းမူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်မှုဖြင့် ဇမ်ဘီယာနိုင်ငံသား သုံးဦးကို ဖမ်းဆီးခဲ့ကြောင်း ချူလူက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

သတင်းဆက်သွယ်ရေးနည်းပညာ မြှင့်တင်ရန် နိုင်ဂျီးရီးယားနှင့်တောင်ကိုရီးယား သဘောတူလက်မှတ်ရေးထိုး

အဘူဂျာ ဩဂုတ် ၂၃

နိုင်ဂျီးရီးယားနိုင်ငံ၌သတင်းဆက်သွယ်ရေးနည်းပညာ(အိုင်စီတီ) ထိုးဖောက်ဝင်ရောက်မှု မြှင့်တင်ရန် နိုင်ဂျီးရီးယား အမျိုးသားသတင်းနှင့်နည်းပညာ ဖွံ့ဖြိုးမှုအေဂျင်စီ(အင်အိုင်တီဒီအေ)နှင့် တောင်ကိုရီးယား ဒီဂျစ်တယ်အခွင့်အလမ်း မြှင့်တင်ရေးအေဂျင်စီ (ကေအေဒီအို) တို့သည် တနင်္ဂနွေနေ့တွင် နားလည်မှု စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။

မြို့တော်အဘူဂျာတွင် လက်မှတ်ရေးထိုးထားခဲ့သည့် နားလည်မှု စာချွန်အရ နိုင်ဂျီးရီးယားနိုင်ငံသား ၁၀ ဦးသည် အင်တာနက်မှတစ်ဆင့်တောင်ကိုရီးယားနိုင်ငံ၌ ပါရဂူဘွဲ့အစီအစဉ်များကို နှစ်စဉ်လေ့လာဆည်းပူးခွင့်ရရှိမည်ဖြစ်ကြောင်း အင်အိုင်တီဒီအေ ညွှန်ကြားရေးမှူးချုပ် ကလီယိုပါအန်ဂါယီကပြောကြားသည်။

သတင်းဆက်သွယ်ရေးနည်းပညာနှင့် ပတ်သက်၍သင်ကြားပို့ချချက်အစီအစဉ်များကို စီမံခန့်ခွဲရန် တောင်ကိုရီးယားနိုင်ငံမှ အိုင်စီတီကျွမ်းကျင်သူများက နိုင်ဂျီးရီးယားနိုင်ငံသို့ နှစ်စဉ်လာရောက်မည်ဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားအစိုးရ အနေဖြင့် အိုင်စီတီ တတ်ကျွမ်းမှုနှင့် အသုံးပြုမှု ကျယ်ပြန့်လာရေး ဦးတည်သည့် ဆောင်ရွက်မှုများကို အားပေးကူညီမည်ဖြစ်ကြောင်းငင်းက ပြောကြားသည်။

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်နိုင်ရေးအတွက် အိုင်စီတီသည် နိုင်ငံတကာသုံး ဖြစ်လာပြီ ဖြစ်ကြောင်း၊ ကမ္ဘာ့အိုင်စီတီလုပ်ငန်း နယ်ပယ်တွင် အဓိက စွမ်းဆောင်နိုင်သည့် နိုင်ငံ ဖြစ်လာရန် ရနိုင်သည့် အခွင့်အလမ်းများကို နိုင်ဂျီးရီးယားနိုင်ငံက ထုတ်ယူ အသုံးပြုသွားမည်ဖြစ်ကြောင်း ငင်းက ဆက်လက်ပြောကြားသည်။

အိုင်စီတီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမေရိကန်ဒေါ်လာ သန်းနှင့်ချီပြီး တန်ဖိုးရှိသည့် အိုင်စီတီ လုပ်ငန်း ဆက်စပ်ပစ္စည်းကိရိယာများကို ကေအေဒီအိုက နိုင်ဂျီးရီးယားနိုင်ငံသို့ လှူဒါန်းခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။



ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌ ကျင်းပသော ရက်ဒ်ဘောလေကြောင်းစွမ်းရည်ပြပွဲတွင် ပါဝင်ပြသနေသည့် လေယာဉ်တစ်စင်းကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒီရေရောက်သစ်တောများ ပျက်စီးမှုကိုကာကွယ်ရန် ပုစွန်မွေးမြူရေးကို စည်းကမ်းတင်းကျပ်မည်

ကွာလာလမ်ပူ ဩဂုတ် ၂၃

အာရှတစ်လွှားတွင် လုပ်ကိုင်လျက်ရှိသော ပုစွန်မွေးမြူရေးလုပ်ငန်းများကြောင့် သဘာဝဝန်းကျင် မထိခိုက်စေရန် တင်းကျပ်သောစည်းကမ်းများ ချမှတ်ရေးကိစ္စကို ကုလသမဂ္ဂနှင့် ကျွမ်းကျင်သူများက စီစဉ်ရေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းက ဖော်ပြသည်။

ပုစွန်မွေးမြူရေး လုပ်ငန်းများကြောင့် အဓိက ထိခိုက်ရသော သဘာဝဝန်းကျင်မှာ ဒီရေရောက်သစ်တောများဖြစ်သည်။ ဒီရေရောက်သစ်တောများသည် သဘာဝ လှိုင်းလေဒဏ်မှ ကမ်းခြေဒေသကို အကာအကွယ်ပေးထားပြီး ရေနေသတ္တဝါ အများအပြား ရှင်သန်ပေါက်ပွားရန်လည်း သဘာဝ အကာအကွယ်များ အဖြစ် ရပ်တည်နေသည်။ ၂၀၀၄ ခုနှစ် ဆူနာမီလှိုင်းဒဏ်သင့်ခံရပြီး နောက်ပိုင်းတွင် ဒီရေရောက်သစ်တောများကို ပြုစုပျိုးထောင်ရေးကိစ္စမှာ ပို၍ အရေးတကြီး လိုအပ်လာသည်။

ကမ္ဘာ့မွေးမြူရေး ပုစွန်ထုတ်လုပ်မှုတွင် ၇၅ ရာခိုင်နှုန်းမှာ အာရှဒေသမှဖြစ်ပြီး ယင်းတို့၏ စုစုပေါင်း ထုတ်လုပ်မှုပမာဏသည် ၂၀၀၃ ခုနှစ်က တန်ချိန် ၁ဒသမ၆သန်းရှိမည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ခန့်မှန်းသည်။ ထိုပုစွန်များ၏ စုစုပေါင်း တန်ဖိုးသည် ဒေါ်လာ ကိုးဘီလီယံရှိကြောင်း သတင်းများက ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဦးနှောက်အမြှေးရောင်ရောဂါ နီပေါ၌ဖြစ်ပွား

ခတ္တမန္ဒူ ဩဂုတ် ၂၃

နီပေါနိုင်ငံတောင်ပိုင်း ဒေသတစ်ခုတွင် ဧပြီလမှစ၍ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါကြောင့် သေဆုံးသူဦးရေသည် ၂၂ ဦး ရှိပြီဖြစ်ကြောင်း နီပေါ အမျိုးသားသတင်းဌာန အာရ်အက်စ်အက်စ်က ဩဂုတ် ၂၁ ရက်တွင် ဖော်ပြသည်။

ယင်းရောဂါဝေဒနာ ကူးစက်ခံရသူပေါင်း ၂၀၀ ကျော်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိသည်ဟု သတင်းတွင် ဖော်ပြထားသည်။

သတင်းထုတ်ပြန်

ဂျပန်ဦးနှောက်ရောင် ရောဂါဝေဒနာကြောင့် ဆေးရုံတင်ထားရသူ ၁၆၀ ရှိပြီး ကုသမှုခံယူနေစဉ် ၁၇ ဦးမှာ သေဆုံးခဲ့သည်ဟု ဘီပီကိုင်ရားလား ကျန်းမာရေး နှင့်သိပ္ပံဌာနက (ဘီပီကေအိုအိပ်ချ်အက်စ်)က သတင်းထုတ်ပြန်သည်။

ဆေးရုံတက်ရောက် ကုသနေသူထဲမှ ဝေဒနာရှင်ရှစ်ဦးမှာ ယခုတိုင် ဆေးဝါးကုသမှုခံယူနေဆဲဖြစ်သည်ဟု ဆိုသည်။ တစ်ချိန်တည်းမှာ ကိုရိုင်ဗိုနယ်လ်ဆေးရုံတွင် ယင်းဝေဒနာသည်ပေါင်း ၅၁ ဦးရှိပြီး ငါးဦးမှာ သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆစ်ဒနီမြို့ ရတနာပြပွဲမှစိန်များ အခိုးခံရ

ဆစ်ဒနီ ဩဂုတ် ၂၃

လုံခြုံရေးတင်းကျပ်စွာ ချထားသည့်ကြားမှ အမေရိကန်ဒေါ်လာ ၁ဒသမ၁သန်းတန် စိန်ပွင့်ပေါင်း၅၀၀ ကျော်ကို ဆစ်ဒနီမြို့ အပြည်ပြည်ဆိုင်ရာ ရတနာပြပွဲမှ အခိုးခံခဲ့ရကြောင်း သတင်းများက ဖော်ပြသည်။

ပျောက်ဆုံး

ထိုပြပွဲတွင် ဓာတ်မှန်များ၊ သတ္တုနှင့် လက်နက်ရှာဖွေရေးစက်များ၊ လုံခြုံရေးကင်မရာများနှင့် ဧည့်အဝင်၊အထွက် မှတ်တမ်းများထားရှိ စစ်ဆေးနေသည့်အကြားမှ စိန်များပျောက်ဆုံးခဲ့ရခြင်းဖြစ်သည်။

ထိုရတနာပြပွဲကို ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ ဆစ်ဒနီမြို့၌ ခင်းကျင်းပြသခဲ့ခြင်းဖြစ်သည်။ ယင်းစိန်များကို သယ်ယူရာ လမ်းခရီး၌ဖြစ်စေ၊ ပြပွဲခင်းကျင်းစဉ်ကဖြစ်စေ ခိုးယူခံရခြင်းဖြစ်နိုင်ကြောင်း ရဲတို့က ယူဆထားသည်။

ယင်းပြပွဲကို စီစဉ်သူမှာ ဂါရီဖတ်ရှိုင်းဖြစ်ပြီး ခိုးယူခံရမှုနှင့် ပတ်သက်၍ မယုံကြည်နိုင်အောင်ဖြစ်လျက်ရှိသည်။ ထိုစိန်များ ပျောက်ဆုံးနေကြောင်းကို စာရင်းစစ်များက မီးခံသေတ္တာကိုဖွင့်၍ စစ်ဆေးသောအခါမှသာ သိရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် တောဆင်ရိုင်းများ ကားလမ်းပေါ်မှ ဖြတ်သန်း သွားလာနေသည်ကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လက်ဘနွန်တောင်ပိုင်း မာကာဘာရွာအနီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ကုလသမဂ္ဂတပ်ဖွဲ့မှ သံချပ်ကာ ယာဉ်တစ်စီးကို ဩဂုတ်၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ခွာနာလျှာနာကာကွယ်ရေး ဘရာဇီးနှင့်ပါရာဂွေး အကောင်အထည်ဖော်မည်

ဗျူနိုအေရိစ် ဩဂုတ် ၂၃

ဘရာဇီးနှင့် ပါရာဂွေးနိုင်ငံတို့မှ တိရစ္ဆာန်ရောဂါကာကွယ်ရေး တာဝန်ရှိသူများသည် နှစ်နိုင်ငံ နယ်စပ်အနီးတွင် ခွာနာလျှာနာ ရောဂါဖြစ်ပွားမှုကြိုတင်ကာကွယ်ရေးအတွက် ပူးတွဲအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် အင်္ဂါနေ့တွင် သဘောတူညီလိုက်ကြသည်။

ပါရာဂွေးနိုင်ငံမှ တာဝန်ရှိသူများ ဘရာဇီးနိုင်ငံသို့ ရောက်ရှိလာခြင်းမှာ ခွာနာလျှာနာရောဂါနှင့် ပတ်သက်၍ ညှိနှိုင်း အဖြေရှာနိုင်ရန်ဖြစ်ကြောင်း၊ ယင်းပြဿနာမှာ မိမိတို့နှစ်နိုင်ငံစလုံးနှင့် သက်ဆိုင်သည့် ပြဿနာဖြစ်ကြောင်း ဘရာဇီးနိုင်ငံ တိရစ္ဆာန်နှင့် ဟင်းသီးဟင်းရွက်များ ရောဂါကာကွယ်ရေးအေဂျင်စီ အကြီးအကဲ ဂျိုအာကာ ဗယ်လီရိုက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပင်လယ်ဓားပြနှိမ်နင်းရေးလုပ်ငန်းဆိုင်ရာ စင်ကာပူနှင့် အင်ဒိုနီးရှား ပူးတွဲလေ့ကျင့်မှု ပြုလုပ်နေသည်ကို ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အစ္စရေးမြေပြင်တပ်ဖွဲ့များနှင့် တင့်ကားများ ဂါဇာကမ်းမြောင်သို့ ဝင်ရောက်

ဂါဇာ ဩဂုတ် ၂၃

ဂါဇာကမ်းမြောင်ဒေသသို့ ဩဂုတ် ၂၂ ရက်က အစ္စရေးတင့်ကားများ၊ မြေပြင်တပ်ဖွဲ့များ ဝင်ရောက်လာရာ ပါလက်စတိုင်း တိုက်ခိုက်ရေးသမားများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားမှုကြောင့် အနည်းဆုံး ပါလက်စတိုင်းသုံးဦး ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း မျက်မြင်တွေ့ရသူများနှင့် ပါလက်စတိုင်း သတင်းရပ်ကွက်များက ပြောကြားသည်။

ပြန်လည်စီစဉ်

ထိုသတင်းနှင့်ပတ်သက်၍ အစ္စရေး စစ်ဘက်ဆိုင်ရာများက ပြန်လည်စီစစ်လျက်ရှိကြောင်း သတင်းများက ဖော်ပြသည်။

ဝင်ရောက်လာ

အစ္စရေးတပ်ဖွဲ့များသည် လူလိုက်ပါခြင်းမရှိသော ဒရုန်းခေါ် ကင်းထောက်လေယာဉ်များ၊ တင့်ကားများနှင့် မြေပြင်တပ်ဖွဲ့များ ပေါင်းစပ်ကာ ဂါဇာကမ်းမြောင်ဒေသ ဆိုကာရ်နီအရပ်မှ ဖြတ်ကျော် ဝင်ရောက်လာခြင်းဖြစ်သည်။ ၎င်းတို့ မည်သည့်ရည်ရွယ်ချက်ဖြင့် ယင်းသို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို မသိရသေးဟု ဆိုသည်။

တိုက်ခိုက်

လွန်ခဲ့သော သီတင်းခြောက်ပတ်အတွင်း အစ္စရေးတပ်ဖွဲ့များသည် ဂါဇာဒေသကို အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

အဖမ်းခံ အစ္စရေးတပ်ဖွဲ့ဝင်များကို ကယ်တင်ရန်နှင့် ဂါဇာဒေသမှ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်ဖြင့် ပစ်ခတ်နေခြင်းကို ရပ်တန့်စေရန် ယခုကဲ့သို့ တိုက်ခိုက်ခြင်းဖြစ်ကြောင်း သတင်းက ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***



စင်ကာပူ၏ အမြင့်ဆုံးကုန်တိုက် ၂၀၀၈ ခုနှစ်တွင် အပြီးတည်ဆောက်မည်

စင်ကာပူ ဩဂုတ် ၂၃

စင်ကာပူနိုင်ငံ၏ အမြင့်ဆုံးကုန်တိုက် အဆောက်အအုံကို လာမည့် ၂၀၀၈ ခုနှစ်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း ချယ်နယ်နယူးအေးရှသတင်းဌာနက ဩဂုတ် ၂၂ ရက်တွင် ဖော်ပြသည်။

ထိုကုန်တိုက်၏ အမည်မှာ အောချဒ်စင်ထရယ်ဖြစ်သည်။ ထိုအဆောက်အအုံသည် စင်ကာပူနိုင်ငံ၏ စီးပွားရေး ရပ်ကွက်ဖြစ်သော အောချဒ်လမ်းအဆုံးတွင် တည်ရှိမည်ဖြစ်ပြီး အထပ်ပေါင်း ၁၂ ထပ်ပါရှိကာ မြေတိုက်ခန်းလည်း နှစ်ခန်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။ လက်လီရောင်းချမည့် ဆိုင်တန်းများ၏ စုစုပေါင်း အကျယ်သည် စတုရန်းပေ ၂၉၀၀၀၀ ရှိမည်ဖြစ်သည်။ ထိုကုန်တိုက်တွင် အရှေ့ဖျားနိုင်ငံများမှ ထုတ်လုပ်သော ကုန်စည်သစ်များကို ရောင်းချသွားမည်ဖြစ်သည်။ ခေါင်မိုးထပ်တွင် စားသောက်ဆိုင်ဈေးတန်းများ တည်ခင်းရောင်းချသွားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့များ

သတင်းထောက်အောင်ဝင်း(ဖျာပုံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းကြောင်းအရ အမျိုးဂုဏ် ဇာတိဂုဏ်၊ ကိုယ်ပိုင်ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသောနိုင်ငံ ဖြစ်သည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်း များစွာကပင် ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်စာပေနှင့် သီးခြားရပ်တည် နေထိုင်ခဲ့သော လူမျိုးဖြစ်သည်။ အရှေ့တောင်အာရှတွင် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသော လူမျိုးတစ်မျိုးဖြစ်သည်။

မြန်မာ့လူမှု အသိုင်းအဝိုင်းသည် အသက်ထက် အရှက်ကို တန်ဖိုးထားသည့်အပြင် အရှက်ထက် ဂုဏ်သိက္ခာကို ပို၍တန်ဖိုးထားကြသည်။

လူ့ဘောင်လောက နေထိုင်ကြသည့် လူသားအားလုံးယဉ်ကျေးသိမ်မွေ့လာအောင်၊ လူသားအချင်းချင်း တစ်ဦးပေါ်တစ်ဦး ကိုယ်ချင်းစာနာထောက်ထားကြင်နာတတ်အောင် စည်းရုံးသိမ်းသွင်းနိုင်သော အရာသည်ကား မေတ္တာတရားပင် ဖြစ်ပါသည်။

မြန်မာ့နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးဘိုးဘွားများအား ခြေသည်း လက်သည်း ညှပ်ပေးကြစဉ်။

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့သည် သမိုင်းစဉ်ဆက်အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ခဲ့ကြသည်။ မြန်မာလူမျိုးတို့၏ မူလဗီဇစရိုက်လက္ခဏာများမှာ သတ္တိရှိသည်၊ ဖွဲ့နပဲကြီးသည်၊ စိတ်ရှည်သည်းခံ၍ ခွင့်လွှတ်တတ်သည်၊ စိတ်ဆိုးတတ်သော်လည်း ကျေအေးတတ်သည်။ အငြိုးကြီးပြီး အာဃာတ ထားတတ်သူများလည်း မဟုတ်သည့်အပြင် လက်စားချေတတ်သူများလည်း မဟုတ်ကြပါ။ အညာလွယ်သူများလည်း မဟုတ်ကြသကဲ့သို့ အမျိုးကိုစောင့်ရှောက်တတ်ကြောင်းနှင့် ကိုယ့်လူမျိုးကိုယ် ချစ်တတ်သည့် မွန်မြတ်ကောင်းမွန်သော ဓလေ့စရိုက်များရှိကြောင်း လေ့လာမှတ်သားခဲ့ရသည်။

မွန်မြတ်ကောင်းမွန်သည့် ဓလေ့စရိုက်များ မပျောက်ပျက်အောင် မြန်မာ့လူနေမှုဓလေ့စရိုက်များက ထိန်းကျောင်းပေးလျက်ရှိနေသည်။ မြန်မာလူမျိုးတို့တွင် ၁၂ လရာသီပွဲတော်များရှိ၏။ ယင်းပွဲတော်များကို နယ်မြေဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြသည်။ ၎င်းပွဲတော်များအပြင် ဒေသအလိုက် ရိုးရာပွဲတော်များလည်း ရှိကြသေး၏။ ထိုပွဲတော်များ၏ အနှစ်ချုပ်ကား ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာတော်များ ထွန်းကားတည်တံ့ပြန့်ပွားရေးအတွက် ဗုဒ္ဓပူဇနိယပွဲတော်များနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာများ မပျောက်ပျက်စေရေးအတွက် လက်ဆင့်ကမ်း ထိန်းသိမ်းနေသည့် ပွဲတော်များပင် ဖြစ်ချေသည်။

မျက်မှောက်ကာလတွင် လူမှုရေး ဦးတည်ချက် (၄)ရပ် ချမှတ်ထားရှိပြီး အဆိုပါ ဦးတည်ချက်များကို ဖော်ဆောင်ရာ၌ နယ်မြေဒေသအလိုက် ပွဲတော်များ၊ ပြိုင်ပွဲများနှင့် သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နေသကဲ့သို့ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းတို့မှ ကာကွယ်တားဆီးရေးဟူသည့် ရည်ရွယ်ချက်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိနေပေသည်။

နှစ်စဉ် စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းရက်များတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို အကြောင်းပြု၍ မြန်မာ့လူနေမှု စရိုက်လက္ခဏာ ယဉ်ကျေးမှုများကို ဖော်ညွှန်းသည့် သတင်း၊ ဓာတ်ပုံ၊ ဆောင်းပါးများ ဖတ်ရှုကြရသည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ကိုယ်ပိုင်ယဉ်ကျေးမှု သွင်ပြင်အလှအပအကကို ဤသို့ ခံစားနိုင်သည်။

မြန်မာတို့သည် ရှေးအစဉ်အဆက်မှစ၍ ယနေ့အထိ ကြီးသူကိုရိုသေ၊ ရွယ်သူကိုလေးစား၍ ငယ်သူကို သနားတတ်သည့် မွန်မြတ်ကောင်းမွန်သော စရိုက်လက္ခဏာများကို သမိုင်းစဉ်ဆက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ မြန်မာ့နှစ်သစ်ကူးနေ့ဖြစ်သည့် နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲများ ကျင်းပကြပြီး အဘိုး၊ အဘွားများကို ငွေ၊ ပစ္စည်းများဖြင့် လှူဒါန်းကြသည်။ ထို့အပြင် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်းစသည်တို့ကို ဂါရဝပြုဆောင်ရွက်လျက်ရှိကြသည်။

သီတင်းကျွတ်လပြည့်နေ့ကဲ့သို့သောနေ့ကြီးရက်ကြီးများတွင်လည်း အမိ၊ အဖ၊ အဘိုး၊ အဘွားများကို သားသမီးများက ပူဇော်ကန်တော့လေ့ရှိကြသည်။ မြန်မာတို့၏ မွန်မြတ်ကောင်းမွန်သော စရိုက်လက္ခဏာများ လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်နိုင်ရေးတို့အတွက် လူမှုဝန်ထမ်းဦးစီးဌာနသည် သက်ကြီးရွယ်အို ဘိုးဘွားစောင့်ရှောက်ရေးလုပ်ငန်းကို လုပ်ငန်းစဉ် တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ဘိုးဘွား ရိပ်သာများ၏ လုပ်ငန်းများကို ကြီးကြပ်ကူညီပေးခြင်း၊ ကျွမ်းကျင်မှု အကူအညီပေးခြင်း၊ ဆန်ထောက်ပံ့ခြင်း၊ ဘိုးဘွားများ၏ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးများ၏ လစာများနှစ်စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ရှေးနှစ်ပေါင်းရှည်ကြာစွာ တည်ရှိခဲ့သည့် မိမိတို့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများတွင် မိဘဝတ်၊ ဆရာ့ဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ်၊ လင့်ဝတ်၊ မယားဝတ်၊ မိတ်ဆွေဝတ်စသည့် ကြီးသူ၊ ငယ်သူ အားလုံး လိုက်နာကျင့်သုံးရမည့် လူမှုကျင့်ဝတ်များ ရှိနေသည်။ ထို့အပြင် ပူဇာစပူဇနေယျာနံ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊ ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊ ရိုသေထိုက်သူကို ရိုသေခြင်းစသည့် လိုက်နာရမည့် ၃၈ ဖြာမင်္ဂလာတရားတော်များလည်း ရှိသည်။ လူ့လောက၏ ကောင်းကျိုးချမ်းသာကို ဖော်ဆောင်နိုင်သည့် မင်္ဂလာကျင့်ဝတ်များအဖြစ် မြန်မာတို့၏ မြတ်နိုးဖွယ်ရာ ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့များပင်ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို လူမှုရေး ဦးတည်ချက်များတွင် ထည့်သွင်းချမှတ်ဆောင်ရွက်လျက်ရှိရာ မြတ်နိုးဖွယ်ရာ ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့များကို အလေးထားလိုက်နာဆောင်ရွက်ကြရေးနှင့် မြန်မာပီပီ မြန်မာ့မူဟန်များကို ခံမင်မြတ်နိုးစွာ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေး တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လှည်းကူး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလှူငွေ ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၅ရက် နံနက် ၈နာရီက သားဖွားခန်းအဆောက်အအုံ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်းက အသင်းဝင်အဆိုပြုလွှာ ၁၅၀၀ကို ပေးအပ်သည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင် ၂၄ဦးတို့က ငွေကျပ် ၁၅၁၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီး **(အောက်ပုံ)** အသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၁၀	တေးဂီတအစီအစဉ်
၇း၀၅	Basic Computer Learning For Beginner (Vol. 3)	၁၀း၁၅	မြန်မာ့လက်ဖက်ရဲ့ တွဲဖက်အဖော် ကြက်သွန်မွှမွှကြော်
၇း၂၀	တေးဂီတအစီအစဉ်	၁၀း၅၀	တေးဂီတအစီအစဉ်
၇း၃၅	လမ်းပြကြယ်များ	၁၀း၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၇း၅၅	ပြည်တွင်းသတင်းအကျဉ်း	၁၁း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅	Myanmar Video Rhythm	၁၁း၁၅	သဖန်းဆိပ်ဘက်စုံ ရေလှောင်တမံ
၈း၅၅	မိုးလေဝသခန့်မှန်းချက်	၁၁း၂၅	တေးဂီတအစီအစဉ်
၉း၀၀	တေးဂီတအစီအစဉ်	၁၁း၃၀	Midweek Sports News
၉း၀၅	မြန်မာတိုင်းရင်းဆေးအတွက် ခေတ်မီစေတဲ့ နည်းကောင်းတစ်လက်	၁၁း၄၅	ဆုရအက
၉း၁၅	တေးဂီတအစီအစဉ်	၁၁း၅၀	ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် စပါးခွဲ ဓာတ်ငွေ့သုံးစက်
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း	၁၂း၀၀	MRTV-4 အပိတ် Logo
၉း၂၅	တက်သစ်လွင်ပြင် အဆိုပြိုင်ပွဲ (ကဗျာဘွဲ့မှူး-ပုံပြင်ပဟောင်း)		
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း		

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လမ်း(၅၀)(အလယ်)နေ ဦးမြင့်ဝေ-ဒေါ်မို့မို့ကျော်၊ သား မောင်ပြည့်ဖြိုးပိုင်၊ မောင်လွှမ်းမိုးပိုင်မိသားစုက မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး တိုးချဲ့ဆေးရုံအဆောက်အအုံအတွက် အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။

(က-ပ)

ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး ဦးစန်းကို(သရက်မြို့) လေးနှစ်ပြည့်အားရည်စူး၍ပန်းဘဲတန်းမြို့နယ် ရန်ကုန်မှ သားဗိုလ်ကြီးနေလင်းကို လှူဒါန်းသည့်အလှူငွေကျပ်တစ်သိန်းကိုအလှူရှင်ကိုယ်စား ဒုတိယဗိုလ်မှူးကြီး ဒေါက်တာဒေါ်မေသွေးကိုက ဘိုးဘွားများအသုံးပြုရန် ထာဝရဆေးပဒေသာ ပင်အတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ပါမောက္ခချုပ် ဒေါက်တာဒေါ်မေဝင်းအောင်ခင်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပြင်ဦးလွင်၌ ကော်ဖီခြံများ အောင်မြင်ဖြစ်ထွန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူများ အကျိုးအမြတ်ရရှိနေ

နေပြည်တော် ဩဂုတ် ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၈ ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဒိုးကွင်းရှိ ဦးကျော်စိန်၏ ငုရွှေလီကုမ္ပဏီပိုင် ကော်ဖီစိုက်ခင်း ၂၂၅ဧကေ သီးပွင့် ဖြစ်ထွန်းမှုနှင့် စိုက်ခင်းအသစ်ဧကေ ၈၀ ထပ်မံစိုက်ပျိုးထိန်းသိမ်းပြုစုနေမှုကို ကြည့်ရှုအားပေးရာ လုပ်ငန်းရှင် ဦးကျော်စိန်က ၁၉၉၇ ခုနှစ်တွင် ကော်ဖီ ၂၂၅ ဧကေ စိုက်ပျိုးခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ကုန်ကျစရိတ်ငွေများ ပြန်လည်ရရှိပြီး ယခုအခါ အမြတ်ဝင်ငွေနှစ်စဉ်ရရှိနေကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက အားပေး စကားပြောကြားပြီး လိုအပ်ချက်များကို ပံ့ပိုးကူညီပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပွေးတောင်ရွာရှိ ရွှေပုဇွန်ကော်ဖီခြံကို ကြည့်ရှုအားပေးရာ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်မှ ဦးဝင်းအောင်က ၂၀၀၀ ပြည့်နှစ်မှစ၍ ကော်ဖီဧကေ ၁၀၀ စတင်စိုက်ပျိုးခဲ့ပြီး ၂၀၀၃–၂၀၀၄ ခုနှစ်မှစ၍ အသီးဆွတ်ခူးခဲ့ကြောင်း၊ ယခုအခါ ရင်းနှီးမြှုပ်နှံမှု အားလုံး ပြန်လည်ရရှိပြီး အမြတ်ရနေကြောင်း၊ ကော်ဖီဧကေ ၅၀ တွင် ကော်ဖီစေ့တန် ၆၀ ရရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် ခြံအတွင်း ဖြစ်ထွန်းအောင်မြင်နေသော ကော်ဖီပင်များနှင့် ကော်ဖီခြံမှ ထွက်ရှိသည့် ကော်ဖီစေ့နမူနာများ၊ ခြံအတွင်းမှ ထုတ်လုပ်ရောင်းချသည့် ကော်ဖီမှုန့်ထုပ်များကိုလည်းကောင်း၊ အသီးသီးနေသော ဧကေ ၁၀၀ ကော်ဖီစိုက်ခင်းကိုလည်းကောင်း လှည့်လည် ကြည့်ရှုအားပေးပြီး ဝန်ကြီးက ပြင်ဦးလွင်မြို့နယ်၌ ကော်ဖီတိုးချဲ့ စိုက်ပျိုးလျက်ရှိရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းနေသော ကော်ဖီခြံများ အများအပြားရှိလာနေပြီဖြစ်ကြောင်း၊ ထပ်မံ၍ ခြံ တည်ထောင်လိုသူများ၊ ရင်းနှီးမြှုပ်နှံလိုသူများအား မြေယာလုပ်ကိုင်ခွင့်များ ချထား၍ လိုအပ်ချက်များ ပံ့ပိုးကူညီနေကြောင်း၊ ဝင်ငွေရရှိမှုသေချာသော စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ စိုက်ပျိုးလိုသူများအား ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များ ပံ့ပိုးကူညီအားပေးဆောင်ရွက်နေကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဒိုးကွင်းကော်ဖီခြံနှင့် ပွေးတောင် ကော်ဖီခြံတို့ကို ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးသည် ပွေးတောင်ကော်ဖီခြံ၌ ပြည်နယ်နှင့်တိုင်းဒေသ အသီးသီးမှ ထွက်ရှိသော ကော်ဖီစေ့များ၊ ကော်ဖီမှုန့်များကို အရသာနှင့် အရည်အသွေး စစ်ဆေးစမ်းသပ်သည့်လုပ်ငန်းကို ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးသည် ဖြစ်ထွန်းနေသော အူလုံလက်ဖက်မျိုးစိုက်ခင်းကိုလည်းကောင်း၊ ယူကလစ် ဆီမွေးပျိုးပင်များ ပျိုးထောင်ထားမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးသည် တီကောင်များမွေးမြူ၍ သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မွေးမြူကန်များ၌ ရှင်သန်ပွားများနေသော တီကောင်အမျိုးအစားများ၊ ကျွေးရသည့် အစာအပင်၊ အရွက်များနှင့်ရရှိသော မြေဆွေးများကို ရှင်းလင်းပြသကြသည်။

တီကောင်မွေးမြူရာမှ ဩဂဲနစ်မြေဩဇာအဖြစ် အိန္ဒိယမျိုး၊ ဥရောပမျိုးနှင့် မြန်မာမျိုးနှစ်မျိုး၊ တီကောင်အမျိုးအစားလေးမျိုးကို မွေးမြူကန်များဖြင့် တောင်သူများကိုယ်တိုင် မွေးမြူအသုံးပြုနိုင်ရန် ဝန်ကြီးဌာနက နည်းပညာနှင့် တီကောင်မျိုးများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။ တီကောင်မွေးရာတွင် အကောင် ၁၀၀၀ ဖြင့် စတင်မွေးမြူပြီး လိုအပ်သော အစာ၊ အမှိုက်၊ စွန့်ပစ်ပစ္စည်း၊ အပင်အရွက်များကျွေး၍ တစ်နှစ်ကြာပါက တီကောင် တစ်သန်းရရှိကာ တစ်လလျှင် တီကောင်စွန့်ပစ် ဩဂဲနစ်သဘာဝ မြေဩဇာ တစ်တန်နှင့် ရွက်ဖျန်းမြေဩဇာ အရည်အဖြစ် သုံးနိုင်သောစွန့်ပစ်ရည် ၁၂ ဂါလန် ရရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပြင်ဦးလွင်မြို့ ဒိုးကွင်းရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပုဂ္ဂလိကကော်ဖီခြံတစ်ခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ကျောက်ကြီးမြို့ (၁၁၈)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာ မီးမျှောပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

နှစ်တစ်ရာကျော်တိုင် ဒေသပွဲတော်အဖြစ် ကျင်းပမြဲဖြစ်သော ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် (၁၁၈)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမီးမျှောပူဇော်ပွဲတော်နှင့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို တော်သလင်းလဆန်း ၈ ရက်မှ လပြည့်နေ့အထိ ရှေးရိုးစဉ်လာမပျက်ကျင်းပရေး၊ ဘာသာရေးအနှစ်သာရ ပြည့်ဝစွာ အကောင်အထည်ဖော်ရေးနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းရေးတို့အတွက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ကျောက်ကြီး၊ နတ်သံကွင်းနှင့် မုံးနယ်မြေသုံးခုမှ ဒေသခံ တိုင်းရင်းသားများပါဝင်သော အမျိုးသား၊ အမျိုးသမီးလှေလှော်ပြိုင်ပွဲ၊ လှေတက်ရေးပြ အကအလှပြိုင်ပွဲ၊ ရေပြင်ချောတိုင်တက်ပြိုင်ပွဲ၊ အမျိုးသားရေကူးပြိုင်ပွဲနှင့် ဒေသအလိုက်ဘောလုံးပြိုင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ရှင်ဥပဂုတ္တရဟန္တာအား ကျောက်ကြီးချောင်း ရေပေါ်စံကျောင်းတွင် တော်သလင်းလဆန်း ၁၁ ရက်မှ လပြည့်ညအထိ ညစဉ်ဆီမီး ကြာခွက် ၁၀၀၀၀ ဖြင့် မီးမျှောပူဇော်လျက် မြန်မာ့ဆိုင်းဝိုင်းနှင့် စင်တင်တေးဂီတတို့ဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ပွဲတော်တွင် အပူဇော်ခံမည့် ဗုဒ္ဓရုပ်ပွားတော်၊ ရှင်သီဝလိရဟန္တာမထေရ်နှင့် ရှင်ဥပဂုတ္တ ရဟန္တာရုပ်ပွားတော်များသည် ရန်ကုန်တိုင်းအတွင်း ဩဂုတ် ၇ ရက်မှ စတင်အပူဇော်ခံလျက်ရှိပြီး ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်မြို့မှ ကျောက်ကြီးမြို့သို့ ပင့်ဆောင်သွားမည်ဖြစ်ရာ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်းနှင့် နတ်သံကွင်းမြို့များမှ စောင့်မျှော်ပူဇော်နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

သနပ်ပင်မြို့၌ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်သင်တန်းများ ဓမ္မဒါနဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂၄

ပဲခူးတိုင်း သနပ်ပင်မြို့တွင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို စက်တင်ဘာ ၁ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေ၊ အဖိတ်၊ ဥပုသ်နေ့များတွင် ဓမ္မဒါနပို့ချပေးမည်ဖြစ်ရာ အဆိုပါသင်တန်းများသို့ တက်ရောက်လိုသူများအနေဖြင့် မြို့မပရိယတ္တိစာသင်တိုက် ဖုန်း–၀၅၂–၄၇၁၁၇၊ မန်းကျောင်း ဖုန်း–၀၅၂–၄၆၄၆၈နှင့် ဆရာမ ဒေါ်ခင်အေးဝင်း ဖုန်း–၀၅၂–၄၆၂၈၄ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (က–ပ)

နိုင်ငံတကာခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ညီလာခံမှ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၄

ကနေဒါနိုင်ငံ တိုရန်တိုမြို့၌ ဩဂုတ် ၁၃ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် နိုင်ငံတကာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာညီလာခံသို့ ပါဝင်တက်ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးခေါင်းဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ညွှန်ကြားရေးမှူးချုပ်များက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(၁၆) ကြိမ်မြောက် နိုင်ငံတကာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက် ညနေပိုင်းတွင် တိုရန်တိုမြို့ လယ်ရှိ ရိုဂျာစ်ခန်းမ၌ကျင်းပရာ ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ်ဂျယ်လီဂျင်းက ဖွင့်လှစ်ပေးပြီး ကမ္ဘာ့နိုင်ငံ အသီးသီးမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သုတေသီများ၊ ပညာရှင်များ၊ မိုက်ကရိုဆော့ကွန်ပျူတာ ကုမ္ပဏီဥက္ကဋ္ဌ ဘီလ်ဂိတ်နှင့်ဇနီး အပါအဝင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများအတွက် အလှူရှင်များ၊ HIV ရောဂါပိုး ကူးစက်ခံနေရသူဝေဒနာရှင်များ စုစုပေါင်း ၃၀၀၀၀ ခန့် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင်ဖြစ်သူ မိုက်ကရိုဆော့ ကွန်ပျူတာ ကုမ္ပဏီဥက္ကဋ္ဌ ဘီလ်ဂိတ်က အမျိုးသမီးများတွင် ခုခံအားကျဆင်းမှုကူးစက်ရေးမှု လျော့နည်းစေရေးအတွက် အနာဂတ်တွင် အမျိုးသမီးများ ပိုးသတ်ဆေး (Mocrobicide) သုံးစွဲနိုင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ဈေးနှုန်းချိုသာသော ဆေးဝါးများထုတ်လုပ်ရန် သုတေသနပြုမှုများ ဆောင်ရွက်နိုင်ရန် ပိုမို အားပေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညီလာခံ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ခေါင်းဆောင်သော မြန်မာကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့သည် ကျွမ်းကျင်မှုဆိုင်ရာ အစုအဖွဲ့လိုက် ကျင်းပသည့် ဆွေးနွေးပွဲများတက်ရောက်ခြင်း၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် အဖွဲ့အစည်းအသီးသီးမှ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ခဲ့မှု ပြခန်းများ၊ ပိုစတာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် အဖွဲ့ဝင်များနှင့်အတူ ကုလသမဂ္ဂ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအစီအစဉ် (UNAIDS) မှ ဦးဆောင်ကျင်းပသော Target Setting for towards universal access meeting of national AIDS council commission /program အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၁၈ ရက်တွင် ညီလာခံကျင်းပသည့် International Business Centre ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးဌာန ညွှန်ကြားရေးမှူးဖြစ်သူ Dr. Kevin de Cock နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

ကနေဒါနိုင်ငံ တိုရန်တိုမြို့တွင်ကျင်းပသည့် (၁၆)ကြိမ်မြောက် နိုင်ငံတကာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာညီလာခံ၌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ခေါင်းဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြစဉ်။ (ကျန်းမာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅–၈–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၁၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၅:၃၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၄၅** ၇။ ဆောင်းတေးပန်းချီချစ်သူဆီ
- **၅:၅၀** ၈။ သာယာသိမ်ကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လျှို့ဝှက်ချက်" (အပိုင်း–၇)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့တက်လူ" (အပိုင်း–၁)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

တောင်ဥက္ကလာပမြို့နယ် ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် အမှိုက်၊ ခြင်၊ ဆေးလိပ် ကင်းစင်ကျောင်းသတ်မှတ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင်နှင့် အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်သော ကျောင်းသတ်မှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ခြင်းနှင့် ကလေးများအား အာဟာရကျွေးမွေးခြင်း အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းက ခြင်၊ ဆေးလိပ်၊ အမှိုက်ကင်းစင်ကျောင်းအဖြစ် သတ်မှတ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ခြင်ကင်းစင်ကျောင်း၊ ဆေးလိပ်ကင်းစင်ကျောင်း၊ အမှိုက်ကင်းစင်ကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့သည် ကျောင်းရှေ့၌ အမှတ်တရ သစ်ပင်များစိုက်ပျိုးပေးကြပြီး ကျောင်းကျန်းမာရေးပြခန်းကို ကြည့်ရှုကြရာ ကျောင်းသား၊ ကျောင်းသူလေးများက ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ခြင်၊ ဆေးလိပ်၊ အမှိုက်ကင်းစင်ကျောင်း သီချင်းဖြင့် သီဆိုတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် သက်ကြီးဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေမှုကို ကြည့်ရှုအားပေး၍ အဘိုးအဘွားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး အသက် (၆)လမှ (၃)နှစ်အထိ ကလေးငယ်များအား အာဟာရကျွေးမွေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကလေးများအတွက် ခြင်၊ ဆေးလိပ်၊ အမှိုက် ကင်းစင်သောကျောင်းများ ဖြစ်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းကျန်းမာရေး လုပ်ငန်းများအတွက် တောင်ဥက္ကလာပ စက်မှုဇုန်နှင့် ဦးတင်လတ် (New Diamond Co., Ltd.)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးစိုးသိန်း-ဒေါ်ခင်မျိုးရီ (မြန်မာ့ပါတိတ်လုပ်ငန်း)၊ မောင်စိုးနှင့်ညီများ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် MVIP မော်တော်ယာဉ်ထုတ်လုပ်ရေးတို့က ငွေကျပ် နှစ်သိန်းစီနှင့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌများအား သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ ပေးအပ်သည်။

ယင်းနောက် တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌတို့က သွေးလွန်တုပ်ကွေးရောဂါ ပညာပေးပိုစတာများကို ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌများနှင့် အခြေခံပညာကျောင်းများသို့ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် အမှိုက်၊ခြင်၊ဆေးလိပ်ကင်းစင်သောကျောင်း သတ်မှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ခြင်းနှင့် ကလေးများအား အာဟာရကျွေးမွေးခြင်း အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း အဘိုးအဘွားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း)၏ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း)၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ ပထမအထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄)ခေါင်းဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း) ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ခရိုင်နှင့်မြို့နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ခေါင်းဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ခရိုင်လေးခရိုင်မှ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များအတွက် စစ်မှုထမ်းဟောင်း လုံချည်များကို ထောက်ပံ့ပေးအပ်စဉ်။ (မြို့တော်စည်ပင်)

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ခေါင်းဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက မိမိတို့၏ စစ်မှုထမ်းဟောင်းအဖွဲ့ကို စွမ်းရည်ထက်မြက်ပြီး အင်အားတောင့်တင်းခိုင်မာသည့် အဖွဲ့အစည်းဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ၂၀၀၅ ခုနှစ် စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်ကြီး(၅)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း) ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များက မိမိတို့သက်ဆိုင်ရာ ခရိုင်များအလိုက် အမျိုးသား နိုင်ငံရေးရာလုပ်ငန်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်း၊ စီးပွားရေး၊ လူမှုရေးနှင့် သက်သာချောင်ချိရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ခေါင်းဆောင် ဒုတိယမြို့တော်ဝန်က ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့တို့သို့ စစ်မှုထမ်းဟောင်းလုံချည်အထည် ၂၀ စီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့တို့သို့ စစ်မှုထမ်းဟောင်းလုံချည်အထည် ၃၀ စီတို့ကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက လက်ခံကြပြီး စည်းရုံးရေး လုပ်ငန်းအဖွဲ့(၁၄) ခေါင်းဆောင် ဒုတိယမြို့တော်ဝန်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သောဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Vitamin C Injection (Ascorbic acid USP 500 mg)	T.P. Drug Laboratories (1969)Co., Ltd.	Thailand
၂။	Nivagin 1 G/2ml Injection [Sodium phenyl-dimethyl-pyrazolone-methyl-amino-methane Sulphate (metamizol)] 0.5 mg (Lidocaine HCL 0.01 G)	T.P. Drug Laboratories Co., Ltd.	Thailand
၃။	Hydrogen peroxide Sahakarn 20 volume (Hydrogen Peroxide 6%)	ထိုင်းစာသားဖြင့် ဖော်ပြထားပါသည်။	Thailand
၄။	Ampi-125 Dry Syrup (Ampicillin trihydrate equivalent to ampicillin 125 mg)	T.Man Pharma Ltd., Part.	Thailand
၅။	T.V. Mox Dry Syrap (Amoxicillin trihydrate equivalent to amoxicillin 125 mg)	T.Man Pharma Ltd., Part.	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ၊ ဆေးဝါးအတုစံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူး ရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

✻ ကျောဖုံးမှ

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် လားရှိုးမြို့ နားဖကျေးရွာရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံသို့ ရောက်ရှိ၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးနှင့် ခြံမန်နေဂျာ ဒေါက်တာဆွေလွင်တို့၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ဝက်သားခွဲဆောင်၊ ဝက်သားဖွားရုံနှင့် မျိုးဝက်မွေးမြူရေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဗလမင်းထင်ကုမ္ပဏီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် လူငယ်အားမာန် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း စိန်ဝတ်မှုံ ကုမ္ပဏီလီမိတက်၊ နားလုံဒေသ ရော်ဘာစိုက်ပျိုးမည့် ဧက ၄၀၀၀ စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိ၍ စီမံကိန်းမန်နေဂျာ ဦးမျိုးရင်၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူး၊ ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နာနတ်စိုက်ခင်း၊ မြေဘောင်ဖြင့် စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်းနှင့် ပြောင်းစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကုန်းမြင့်ယာမြေဧက ၅၀၀၀ ဖော်ထုတ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိ၍ စီမံကိန်းမန်နေဂျာ ဦးခင်မောင်မြင့်၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တိုင်းမှူးနှင့် ဝန်ကြီးတို့က ဆွေးနွေးမှာကြားပြီး ပြောင်း၊ နာနတ်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် ဗလမင်းထင်ကုမ္ပဏီသို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် တည်ဆောက်ဆဲ ဝက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီ နေကြာစိုက်ခင်း၊ ပျားအိမ်များ ဖွဲ့စည်းတည်ဆောက်ထားပုံနှင့် ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းရှိ ကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ဟူးမွန်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များက ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်းခန့်ကို ဟူးမွန်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ပူနွေးသောပန်းမှ

စီစဉ်ထားပြီးနောက် ပိတုန်းများကိုလွှတ်၍ စမ်းသပ်ကြည့်သည်။ ပန်းများကို နေရာအစီအစဉ် ပြောင်းထားခြင်း၊ အပူချိန်ပြောင်းထားခြင်းများ ပြုလုပ်၍ လေ့လာကြည့်သည်။ ထိုအခါ ပိတုန်းများသည် အရောင်ရင့်သောပန်း၊ ပူနွေးသောပန်းကိုသာ ရွေးချယ်ပြီး ဝတ်ရည်စုပ်ယူကြောင်း တွေ့ရှိခဲ့ကြရသည်။

ယင်းအလေ့အထမှာ လူသားများက အေးချမ်းသောရာသီတွင် ပူပူနွေးနွေး အစားအစာကို စီစဉ်စားသုံးတတ်သည့် သဘောမျိုးပင်ဖြစ်သည်ဟု ပါမောက္ခ လာချစ်ကာက ပြောကြားသည်။

ပူနွေးသောပန်းပေါ်တွင် နားနေရခြင်းကလည်း ပိတုန်း၏ ခန္ဓာကိုယ်မှာ အပူချိန်ဆုံးရှုံးမှုကိုလည်း သက်သာစေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **အင်တာနက်**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အကပြိုင်ပွဲ
၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနယဉ်
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၂၅ ၈။ မရမ်းကုန်းရေထိန်းတံခါး
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
၅:၃၀ ၇။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့" (လူမင်း၊သူသူဟံသာ၊ အိမ်အိမ်း) (ဒါရိုက်တာ-သက်တင်)**
၅:၄၀ ၈။ နှောင်းခေတ်တေးပဒေသာ
၅:၅၀ ၉။ ၂၀၀၆ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင်ရွှေညာဏ်ရှင်
၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်လိပ်ပြာလေး တဝဲလည်လည်" (အပိုင်း-၁၈)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသံစဉ်" (အပိုင်း-၁၄)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း တက်ရောက်အားပေး ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပင်မယန္တရား(တောင်)ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဧည့်ခံဖျော်ဖြေ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ဧည့်သည်တော်များအား ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ ရွှေတံဆိပ်ဆုရှင် အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ဇနီးတို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ပါဝင်ယှဉ်ပြိုင်

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင် ပညာရှင်အဆင့် ၂၇ဦး၊ ဝါသနာရှင်အဆင့် ၁၁၆ဦး စုစုပေါင်း ၁၄၃ဦး ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မော်လ်ဒိုက်ဗ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၅

မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးလွင်သည် ၎င်း၏ခန့်အပ်လွှာကို ဩဂုတ် ၇ ရက်တွင် မာလီမြို့၌ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာမွန်း၊ အဗ္ဗဒူလ်ဂါယွန်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ပဲခူးယ်ကုန်းမြို့ အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ပဲနွယ်ကုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၄)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁နာရီတွင် ပဲနွယ်ကုန်းမြို့ရှိ မြို့မ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဒုတိယဗိုလ်မှူးကြီးချစ်ဆွေ (တပ်မှူး၊ မြဝတီရုပ်မြင်သံကြား မှော်ဘီမြို့)၊ ဗိုလ်ကြီး မြင့်ထွေး (ပြန်ကြားရေး) ဖုန်း-၀၉-၅၀-၂၂၅၀၈၊ ဒေါ်ခင်စန်းရီ ဖုန်း-၂၂၃၉၀၄ မင်္ဂလာဈေး၊ ဦးသန်းထွန်း (ဂမုန်းပွင့်) ဖုန်း-၂၀၃၀၇၂၊ ဦးဌေးဝင်း ဖုန်း-၀၉-၅၁-၁၈၁၉၄၊ ဦးရဲထွန်းနိုင် ဖုန်း-၀၉-၅၀-၂၀၁၀၄၊ ဒေါက်တာ သိန်းထွန်း ဖုန်း-၀၅၂ ၂၄၄၂၆၊ လိုင်းခွဲ-၃၅၊ ဦးမိုးကျော်စွာ(ဇောတိက) (လိုင်းခွဲ-၁၅၆)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❒ ဓာတ်အားဖြန့်ဖြူးရေးမှ

ရှိကြောင်း၊ ဆောင်ရွက်ဆဲ Project များလည်း ဆက်လက်အကောင်အထည်ဖော် လုပ်ကိုင်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ပစ္စည်းများရရှိမှုနှင့် ကျန်ရှိမှုများကိုလည်းကောင်း၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်အောင် စီမံဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာနှင့်ပတ်သက်၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးတင်အေးက ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ခွဲရုံတည်ဆောက်မည့် နေရာလျာထားမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ ဓာတ်အားခွဲရုံ တည်ဆောက်ရန် လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ရန်ကုန်-ပြည် ကားလမ်း၏ အရှေ့ဘက်တစ်မိုင်အကွာတွင် တည်ရှိသော ပြည် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (ရွှေတောင်)သို့ ရောက်ရှိပြီး စက်ရုံခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားရာတွင် မိမိ ဝန်ကြီးဌာနအောက်တွင် ပါရှိသော သဘာဝဓာတ်ငွေ့သုံး စက်ရုံများ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ၊ စက်ရုံများ၏ ဓာတ်ငွေ့ရရှိမှုများကို လည်းကောင်း၊ ဓာတ်ငွေ့သုံး စက်ရုံများအနေဖြင့် စက်များကို ကြံ့ခိုင်မှုရှိစေရေးကို လည်းကောင်း၊ ပြုပြင်ထိန်းသိမ်းမှုအပိုင်းကို လည်းကောင်း အလေးထား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် စက်ရုံ၏ ရှင်းလင်းဆောင်၌ ဝန်ကြီးအား စက်ရုံမှူး ဦးတင်အောင်က စက်ရုံ၏ နှစ်အလိုက် ဓာတ်ငွေ့ရရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံ၏ Control Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံ၏ Switch Yard အတွင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျောက်စွာ)သို့ ဓာတ်အားအပြည့်အဝ ရရှိရေးအတွက် အလေးထား ဆောင်ရွက်သွားရန်၊ လက်ရှိ မဟာဓာတ်အားလိုင်း ကွန်ရက်စနစ်ဖြင့် ပူးပေါင်း၍ ဓာတ်အားပို့လွှတ်ခြင်း၊ လက်ခံခြင်းနှင့် ထပ်မံတည်ဆောက် ဖြစ်ထွန်းလာမည့် မဟာဓာတ်အားလိုင်းများနှင့် ယှဉ်တွဲ၍ ဓာတ်အားလက်ခံပို့လွှတ်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေတောင် ကွန်ကရစ်ကျောက်တိုင် ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး စက်ရုံခန်းမ၌ ဝန်ကြီးအား စက်ရုံတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးသိန်းဝင်းက နှစ်အလိုက် ကျောက်တိုင်ထုတ်လုပ်မှုများနှင့် ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကျောက်တိုင်ထုတ်လုပ်မှု လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ကျောက်တိုင် ထုတ်လုပ်မှု စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းတည်မြို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး မြို့နယ်ရုံးခန်းမ၌ ဝန်ကြီးအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်မြင့်အေးက ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံရာတွင် မိမိဝန်ကြီးဌာန ဝင်ငွေတိုးတက်ရေးအတွက် ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ဝန်ထမ်းများသည် ၂၄နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်နေသဖြင့် ပြည်သူကို တာဝန်ကျေပွန်သော ဝန်ထမ်းများဖြစ်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နတ်တလင်းမြို့နယ် လျှပ်စစ်ရုံးသို့ ရောက်ရှိပြီး မြို့နယ်လျှပ်စစ်ရုံး၌ ဝန်ကြီးအား မြို့နယ်လျှပ်စစ်မှူး ဦးစောအောင်က လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဝင်ငွေတိုးတက်ရရှိရေးကို ဝန်ထမ်းအားလုံး ဝိုင်းဝန်း ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကြို့ပင်ကောက်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်သန်းက လျှပ်စစ်ဓာတ်အားသုံးစွဲမှု အရေအတွက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝ ပေးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်စေလိုကြောင်း ပြောကြား၍ ပြည်သူများလာရောက်ငွေသွင်းသည့် ငွေသွင်းကောင်တာကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ဓာတ်အားခ ကောက်ခံရာတွင် တိကျမှန်ကန် မြန်ဆန်စွာ ဆောင်ရွက်စေလိုကြောင်း ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာယာဝတီခရိုင်ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လျှပ်စစ်ကဏ္ဍသည် အရေးကြီးသောအခန်းမှ ပါဝင်နေသဖြင့် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများကို မှန်မှန်ကန်ကန် တိတိကျကျ လုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဥက္ကံမြို့ လျှပ်စစ်ရုံးသို့ ရောက်ရှိပြီး ဝန်ကြီးအား မြို့နယ်ရုံးခန်း၌ မြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်စိန်က လျှပ်စစ်ဓာတ်အားလက်ခံရရှိမှု၊ ဖြန့်ဖြူးမှု၊ မီတာများ တပ်ဆင်ထားရှိမှု၊ လျှပ်စစ်ဓာတ်အားခ ရရှိမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဝင်ငွေတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ရာတွင် တရားမဝင် ခိုးယူသုံးစွဲမှုများကို ပပျောက်အောင် ဆောင်ရွက်စေလိုကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး မြို့နယ်ရုံးခန်းမ၌ ဝန်ကြီးအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဆန်းလွင်က တိုက်ကြီးမြို့နယ်အား ဓာတ်အားဖြန့်ဖြူးပေးမှု၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား အခြေအနေများ၊ ဓာတ်အားရောင်းချမှုနှင့် ကောက်ခံရငွေများကို ရှင်းလင်းတင်ပြသည်။

ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာချုပ် ဦးညိုဝင်းက ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့တွင် ပါဝင်သော အဖျောက်မြို့ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမှုအား ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဝန်ထမ်းများနှင့် အဖျောက်မြို့ မီးလင်းရေးကော်မတီဝင်များအား အမှာစကား ပြောကြားရာတွင် အဖျောက်မြို့အား လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့နှင့် ပြည်နယ်တိုင်းများအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအပိုင်းတွင် တာဝန်ခွဲဝေဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူများ ပါဝင်သော လျှပ်စစ်စွမ်းအားမြှင့်တင်ရေးကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအတွက် ဝမ်းသာကျေနပ်ကြောင်း၊ အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်ရှိနေသဖြင့် ပြည်သူနှင့်လက်တွဲပြီး လျှပ်စစ်ဝန်ထမ်းများက ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဆည်၊ တမံများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၈ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ထန်းဇလုပ်ဆည်အနီး၌ ကျင်းပသည့် ဆည်၊တမံများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ဝန်ကြီးက အမှာစကားပြောကြားကာ ထန်းဇလုပ်ဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကျောက္ကာရွာအနီး၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် မုံရွာမြို့နယ် မွေးမြူရေးဇုန်ပြုလုပ်မည့် မြေနေရာများကို လှည့်လည်ကြည့်ရှုသည်။

စစ်ကိုင်းတိုင်းတွင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မုံရွာ၊ ရွှေဘို၊ ရေဦး၊ ခင်ဦး၊ ကန့်ဘလူမြို့နယ်များ၌ မြို့နယ်အလိုက် မွေးမြူရေးဇုန် မြေနေရာများ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

အမှာစကားပြော

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် နံနက် ၁၁ နာရီတွင် မုံရွာမြို့တော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (စစ်ကိုင်းတိုင်း) ဒုတိယအကြိမ်မြောက် ဖွဲ့စည်းခြင်းအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်က အမှာစကားပြောကြားပြီး မွေးမြူရေးလုပ်ငန်းရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး(၁) ဒေါက်တာခင်လှိုင်က မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (စစ်ကိုင်းတိုင်း) အလုပ်အမှုဆောင်များ စာရင်းကို ဖတ်ကြားကြေညာပြီး ဥက္ကဋ္ဌ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် တဲကြီးကျေးရွာရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဆိတ်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဆိတ်မွေးမြူရေးခြံအတွင်း ဖွင့်လှစ်ပို့ချပေးလျက်ရှိသည့် ကျေးလက်ဒေသ ဆိတ်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းသို့ တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ အားပေးစကား ပြောကြားပြီး ဆိတ်မွေးမြူရေးခြံနှင့် ဆီး၊ မန်ကျည်း၊ သနပ်ခါးပျိုးခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားခရိုင် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မြိုင်မြို့နယ် တဲကြီးကျေးရွာရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ ဆိတ်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားခရိုင်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

ပျဉ်းမနားခရိုင် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၇ နာရီက ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပရာ ပျဉ်းမနားခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်ဥက္ကဋ္ဌများ၊ ခရိုင်ပညာရေးမှူး ဦးလှထူး၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ပျဉ်းမနားခရိုင်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရရှိသူ ၁၂ ဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ၁၈ ဦး၊ သုံးဘာသာ ဂုဏ်ထူးရရှိသူ ၂၉ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူ ၆၁ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၈၆ ဦး စုစုပေါင်း ဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၂၁၈ ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြော

ထို့နောက် ခရိုင်ပညာရေးမှူး ဦးလှထူးက ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် တိုက်ကြီးမြို့နယ်ရှိ ဥက္ကံမြို့ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံကို ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

မြဝတီမြို့တွင် အထူးစီးပွားရေးဇုန် တည်ဆောက်ရန် မြန်မာ-ထိုင်းနှစ်နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၂၄

ဧရာဝတီ ကျောက်ဖရား မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) လုပ်ငန်းကော်မတီအောက်တွင် မြန်မာ-ထိုင်းနှစ်ဦးနှစ်ဖက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီမြို့၌ အထူးစီးပွားရေးဇုန် တည်ဆောက်၍ Contract Farming စနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို လေ့လာသိရှိရန် ထိုင်းနိုင်ငံ တက်ခ်ပြည်နယ်မှ Vice Governor Mr. Cherdsak Chusri ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲ တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်း ဦးဆောင်သော အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းကြသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း အခြေအနေများ၊ ရာသီဥတုအခြေအနေ၊ မြေအသုံးချမှု၊ စိုက်ပျိုးထားသော သီးနှံများ၊ အထွက်နှုန်းနှင့် ထုတ်လုပ်မှု အခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ အက်မက်စ်လုပ်ငန်းအောက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကွန်ပျူတာ Power Point ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Mr. Cherdsak Chusri နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များ ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ဆွေးနွေးချက်များနှင့် ပတ်သက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တက်ရောက်လာသည့် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပူးပေါင်းဆောင်ရွက်

ယနေ့ ဆွေးနွေးပွဲတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ရှိ မြဝတီ၊ တာချီလိတ်၌ ဝင်ငွေရ သီးနှံများကို ကန်ထရိုက်လယ်ယာစနစ် (Contract Farming System)ဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး လိုအပ်သော စည်းမျဉ်း စည်းကမ်းများနှင့် အညီ သင့်တော်သော စီမံကိန်းတစ်ရပ် ချမှတ်၍ လောလောဆယ်တွင် Pilot Projectအဖြစ် စတင်ဆောင်ရွက်ရန်နှင့် ရှေ့ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ စာသင်ခုံများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက် မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ရှိ ရွှေကံသာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အမှာစကား ပြောကြားပြီး တိုက်ကြီးမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံအစုံ ၁၀၀ ကိုပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများက လက်ခံသည်။

ထို့နောက် တိုက်ကြီးမြို့နယ် လက်ထောက်ပညာရေးမှူး ဦးကျော်လွင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဗြိတိန်သံအမတ်ကြီး တရားမဝင်အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံနေ
ကျန်းမာရေးကဏ္ဍတွင် ကူညီရန်အကြောင်းပြ၍ နည်းမမှန်လမ်းမမှန်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးအဖြစ် မကြာမီရက်ပိုင်းအတွင်းက ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်တာဝန်ထမ်းဆောင်ခဲ့သော ဗြိတိန်သံအမတ်ကြီး မစ္စတာ မာ့(ခ်)ကန်းနင်းသည် ဩဂုတ် ၂၁ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ NLD ဌာနချုပ်၌ NLD ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တွေ့ဆုံခဲ့ပြီးနောက် ထိုနေ့ညနေပိုင်းတွင် ဗြိတိန်သံအမတ်ကြီး၏ နေအိမ်နှင့်ကပ်လျက်ရှိ ဗြိတိသျှကလပ်၌ တရားမဝင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)မှ ဦးအေးသာအောင်၊ ဦးနိုင်ထွန်းသိန်း၊ ဦးကျင်ရှင်းထန်၊ ဦးထောင်ခိုထန်းတို့နှင့်လည်း တွေ့ဆုံခဲ့ကြောင်း ဆက်လက်သတင်းရရှိသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွင်း တီဘီ၊ ငှက်ဖျားရောဂါနှင့် AIDS ရောဂါကာကွယ်ကုသရေးအတွက် ယခင် Global Fund နေရာတွင် ၎င်းတို့မှ ကူညီထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း၊ ဆက်လက်၍ ယခုရက်ပိုင်းအတွင်း ဗြိတိန်သံအမတ်ကြီးသည် မင်းကိုနိုင်၊ ဌေးကြွယ်တို့နှင့်လည်း ထိုကိစ္စနှင့်ပတ်သက်ပြီး တွေ့ဆုံရန်ရှိကြောင်း သတင်းဆက်များရရှိသည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးဝန်ကြီးဌာနသည် အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်နိုင်ငံတော်ဘဏ္ဍာငွေများစွာ အကုန်အကျခံသုံးစွဲကာ ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်း၊ ဆေးဝါးပစ္စည်းကိရိယာများ ဖြည့်တင်းတပ်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ကုသရေးအစီအမံများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်နိုင်ငံလုံးလွှမ်းခြုံအောင် ဆောင်ရွက်ခြင်း စသည်ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာအောင် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် အမှန်တကယ် စေတနာထားရှိပြီး ဖော်ပြပါရောဂါများ ကာကွယ်ကုသရေးတွင် ပါဝင်ဆောင်ရွက်လိုပါက ကျန်းမာရေးဝန်ကြီးဌာနနှင့်သာ ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သင့်ကြောင်း၊ သို့ရာတွင် ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအား ကိုယ်စားမပြုသည့် တရားမဝင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပွဲစား လုပ်နေသူများနှင့် လက်သိပ်ထိုး တွေ့ဆုံဆွေးနွေးနေခြင်းသည် နည်းမှန်လမ်းမှန် မဟုတ်သလို စေတနာမှန်ကန်မှုလည်း မရှိနိုင်ကြောင်း။

အတိတ်သမိုင်းကြောင်းအရလည်း အနောက်နိုင်ငံကြီးအချို့မှ သံတမန်များသည် သံတမန်ကျင့်ဝတ်ကို ချိုးဖောက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား အကြောင်းအမျိုးမျိုးပြ၍ ဝင်ရောက်စွက်ဖက်မှုများရှိခဲ့ကြောင်း၊ ယင်းသို့ မြန်မာ့ပြည်တွင်းရေးတွင် ခြေရှုပ်နှောင့်ယှက်မှုများကြောင့် တိုင်းပြည်မတည်မငြိမ်ဖြစ်ကာ ဆူပူအကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့ဖူးကြောင်း၊ ယခုလည်း ထိုနည်းတူ ရည်ရွယ်လုပ်ဆောင် လာခြင်းဖြစ်နိုင်ကြောင်း ပြည်သူများအတွင်း သုံးသပ်ပြောဆိုမှုများရှိနေသည်ဟု သတင်းရရှိသည်။ (သတင်းစဉ်)

NCUB သည် နိုင်ငံတကာမှ ငွေကြေးထောက်ပံ့မှုများ ဆက်လက်ရရှိအောင် လုပ်ဆောင်လျက်ရှိ
၎င်းငွေကြေးများဖြင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ လုပ်ဆောင်သွားမည်ဟုသိရ

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံတော်ကို လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်နေသော မြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)၏ (၈)ကြိမ်မြောက်ညီလာခံကို ဩဂုတ် ၁၄ရက်မှ ၁၈ရက်အထိ တစ်ဖက်နိုင်ငံ မဲဆောက်မြို့မြောက်ဘက်ရှိ အပန်းဖြေစခန်းတစ်ခုတွင် ကျင်းပခဲ့ကြောင်း၊ ထိုအစည်းအဝေးမှ သဘာပတိအဖွဲ့ဝင်ရှစ်ဦးနှင့် အတွင်းရေးမှူးအဖွဲ့ဝင် ၁၁ဦးတို့ကို အသစ်ရွေးချယ်တင်မြှောက်ခဲ့ကြောင်း၊ ၎င်းတို့သည် ပြည်တွင်းမတည်မငြိမ်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ တိုးမြှင့်လုပ်ဆောင်လာနိုင်ကြောင်း သတင်းများရရှိသဖြင့် ဩဂုတ် ၂၃ရက် သတင်းစာများတွင် သတင်းများ ဖော်ပြပြန်ကြားပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ NCUB အစည်းအဝေးသို့ ပြည်ပ၌ရောက်ရှိနေသော ပြည်ပြေးအဖွဲ့ဝင်များလည်းတက်ရောက်ခဲ့ရာ ဂျာမနီမှ နွယ်အောင်၊ အင်္ဂလန်မှ ဒေါက်တာဝင်းနိုင်၊ ပိုလန်မှ သန်းထွန်း၊ ဂျပန်မှ ဒေါက်တာမင်းညို၊ အိန္ဒိယမှ ဒေါက်တာဇော်ဝင်းအောင်နှင့် ဒေါက်တာတင့်ဆွေတို့လည်း ပါဝင်ကြောင်း။

၎င်းပြည်ပြေးများသည် ၎င်းတို့ရောက်ရှိနေသည့် နိုင်ငံများရှိ NGO အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ ငွေကြေးထောက်ပံ့မှုများ ဆက်လက်ရရှိအောင် လုပ်ဆောင်၍ မြန်မာနိုင်ငံ၌ ဆူပူအုံကြွမှုများ၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသည့် NCUB အား ယခင်အတိုင်း ထောက်ပံ့ကူညီသွားမည်ဟု အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု ဖြစ်စဉ်များအရ NCUB ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်သည့် NCGUB စိန်ဝင်း၊ FTUB မောင်မောင်နှင့် အပေါင်းပါများသည် ၂၀၀၅ခုနှစ် မေ ၇ ရက်က ရန်ကုန်မြို့ လူစည်ကားရာနေရာ သုံးနေရာ၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရာတွင် အဓိကကြိုးကိုင်စီစဉ်ပြီး ငွေကြေးနှင့်ပစ္စည်းများ ထောက်ပံ့ခဲ့ကြောင်း၊ ထို့အပြင် ၎င်းတို့သည် မြန်မာနိုင်ငံတစ်ဝန်း၌ အကြမ်းဖက် အဖျက်လုပ်ရပ်များ အကြိမ်ကြိမ်လုပ်ဆောင်ရန် ဖောက်ခွဲဖျက်ဆီးရေးသမားများအား နောက်ကွယ်မှ ကြိုးကိုင်ပြီး ငွေကြေးနှင့် ပစ္စည်းများ အစဉ်တစိုက် ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုနည်းတူ NCUB သည် မြန်မာနိုင်ငံအတွင်း ဆူပူအုံကြွမှုများ၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး လုပ်ရပ်များကို ပြည်ပမှထောက်ပံ့ငွေများ ရယူအသုံးချကာ ဆက်လက်လုပ်ဆောင်သွားနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အာဂုံဆောင်ကျမ်းစာအုပ်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်းစာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) ရေးသားပြုစုထားသော အာဂုံဆောင်ကျမ်းစာအုပ်များကို ကျောက်ဆည်မြို့ ရဲစုရပ်ရှိ ဓမ္မရတနာစာသင်တိုက်သို့ ပေးပို့လှူဒါန်းရာ နာယကဆရာတော်ဦးဇာဂရက လက်ခံရယူကြောင်းသိရသည်။ (က-ပ)

ကွမ်းခြံကုန်း စာပေစာနယ်ဇင်း အတွေ့အကြုံရှင်း

ရန်ကုန် ဩဂုတ် ၂၄

ကွမ်းခြံကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် ပထမအကြိမ်အစည်းအဝေးကို ဩဂုတ် ၁၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင်သဘာပတိက နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီးနောက် စတုတ္ထအကြိမ် စာပေညီလာခံ ကိုယ်စားလှယ်၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစံရွှေ (တင်မောင်ထက်၊ ကွမ်းခြံကုန်း)က ညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ချမှတ်အတည်ပြု ဆုံးဖြတ်ကြကြောင်း သိရသည်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်မိဘများဖြစ်ကြသော ဦးဘဦး-ဒေါ်တင့်၊ ဦးထွန်းမြင့်-ဒေါ်လှဒွေးတို့အားရည်စူး၍ ကျောက်မဲမြို့နေ ဦးကျော်စိန် (ကမ္ဘောဇစက်မှု)-ဒေါ်ကြည်မေဝင်း(ရွှေဖြိုး)နှင့် သားသမီးများ၊ ကိုတင်ရန်နိုင်ဝင်း-မမေသက်နွယ်၊ ကိုမင်းသိန်း-မမေဆောင်းညွှန့်၊ ကိုအောင်ဟိန်း၊ ကိုဖြိုးမောက် မိသားစုက အလှူတော်ငွေကျပ် ၂၀၀၀၀၀ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မင်းကွန်းတိပိဋကပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သော စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေရှိ တိပိဋကနိကာယ ကျောင်းတိုက်ကြီး၌ တိပိဋကရေလောင်းလျာ အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် မင်းကွန်းတိပိဋကနိကာယဝင် သံဃာတော်များ အဖွဲ့၏တတိယအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ၁၃၆၈ခုနှစ် တော်သလင်း လဆန်း ၇ရက်နေ့၌ ကျင်းပမည်ဖြစ်ရာ မင်းကွန်းတိပိဋကနိကာယဝင် သံဃာတော်များထံ ပင့်လျှောက်လွှာများ ဆက်ကပ်ထားကြောင်းနှင့် ပင့်လျှောက်လွှာမရရှိပါကလည်း ကြွရောက်ကြပါရန် နိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

ဖခင် ဦးသန်းရွှေနှင့် မိခင်ဒေါ်နီတို့အားအမှူးထား၍ သမီးဖြစ်သူ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ မနုနုဝေက မွေ့နေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

အင်းမအသင်း(ရန်ကုန်) တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၀ရက်က စမ်းချောင်းမြို့နယ် သုခမကျောင်းတိုက်၌ ကျင်းပရာ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အထက (၂) တောင်ဥက္ကလာပမှ ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ မောင်ရဲမင်းစိုးအား အသင်းနာယက ဦးအောင်ထွန်းက ဂုဏ်ပြုဆုတံဆိပ် ချီးမြှင့်စဉ်။

(က-ပ)

လှိုင်မြို့နယ်အတွင်းရှိ ကျောင်းများ ကျန်းမာသောပတ်ဝန်းကျင်နှင့် ခြင်၊ အမှိုက်၊ ဆေးလိပ်ကင်းစင်သောကျောင်းများအဖြစ် သတ်မှတ်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် လှိုင်မြို့နယ် အတွင်းရှိ ကျောင်းများအား ကျန်းမာသောပတ်ဝန်းကျင်နှင့် ခြင်၊ အမှိုက်၊ ဆေးလိပ်ကင်းစင်သော ကျောင်းများအဖြစ် သတ်မှတ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ဆေးလိပ်ကင်းစင်ကျောင်း၊ ခြင်ကင်းစင်ကျောင်းနှင့် အမှိုက်ကင်းစင်ကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က ကျောင်းရှေ့၌ အမှတ်တရ သစ်ပင်များ စိုက်ပျိုးပေးကြပြီး ကျောင်းအတွင်းရှိ Computer Lab ၊ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များ၊ ကျောင်းသား ကျောင်းသူလေးများ၏ "စင်သုံးစင်"ကဗျာရွတ်ဆိုတင်ဆက်မှု၊ ပန်းချီပြခန်း၊ ကျန်းမာရေးအသိပညာ ပေးပြခန်းနှင့် Language Labတို့ကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် ဆေးလိပ်၊ ခြင်၊ အမှိုက်ကင်းစင်သော ကျောင်းများ ဖြစ်စေရေး ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လှိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ စောင်ရေ ၁၀၀၀၊ အမှတ်(၁၀)ရပ်ကွက်၏ ရပ်ကွက်လုံးကျွတ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာ ၇၅၀နှင့် လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းလုံးကျွတ် အသင်းဝင်အဆိုပြုလွှာများကို လက်ခံသည်။

ယင်းနောက် ကျောင်းကျန်းမာရေး လုပ်ငန်းများအတွက် ဦးသန်းစိန်-ဒေါ်အေးအေးမြင့် (စန္ဒာပုလဲမိတ်ကပ်) က ငွေကျပ် ၂၀၀၀၀၀၊ အမှတ်(၁၀) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ အမှတ်(၁၀)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၅၀၀၀၀ စီနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ စုပေါင်း လှူဒါန်းငွေကျပ် ၃၂၀၀၀၀ အပါအဝင် အလှူရှင်ကိုးဦးက စုစုပေါင်း ငွေကျပ် ၁၂၂၀၀၀၀ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီတို့က အသင်း၏လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ကျောင်း ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ များအား သန့်ရှင်းရေးလုပ်ငန်းသုံး ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က သွေးလွန်တုပ်ကွေး ရောဂါ ပညာပေးပိုစတာများကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ လှိုင်မြို့နယ် အတွင်းရှိ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ များအား သန့်ရှင်းရေးလုပ်ငန်းသုံး ပစ္စည်းကို ပေးအပ်စဉ်။(သတင်းစဉ်)

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်းများ၏ သင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၈)၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁၁)နှင့် အခြေခံယဉ်ကျေးမှု သင်တန်း အမှတ်စဉ်(၁)ဆင်းပွဲတို့ကို ဩဂုတ် ၁၈ရက်တွင် အဆိုပါသင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ဇော် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းသင်တန်းများတွင် အခြေခံစက်ချုပ်သင်တန်းသူ ၄၃ဦး၊ အဆင့်မြင့်စက်ချုပ် သင်တန်းသူ လေးဦးနှင့် အခြေခံယဉ်ကျေးမှု သင်တန်းသား သင်တန်းသူ ၂၇ဦးတို့ တက်ရောက်အောင်မြင်ခဲ့ကြသည်။

အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၁၄)၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၃၅)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ် (၁) နှင့် အခြေခံယဉ်ကျေးမှု သင်တန်း အမှတ်စဉ်(၁) ဆင်းပွဲတို့ကို ဩဂုတ် ၁၈ရက်တွင် အဆိုပါ သင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းသင်တန်းများတွင် အခြေခံစက်ချုပ်သင်တန်းသူ ၅၀၊ အဆင့်မြင့် စက်ချုပ် သင်တန်းသူ ၁၂ဦး၊ သိုးမွေးစက်ဆွဲသင်တန်းသူ ငါးဦးနှင့် အခြေခံယဉ်ကျေးမှုသင်တန်းသား သင်တန်းသူ ၄၂ဦးတို့ တက်ရောက် အောင်မြင်ခဲ့ကြသည်။

ထို့အတူ ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၁၄)၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၃၁)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၆)၊ ကနုကမာကျောက်စီ ပန်းချီသင်တန်း အမှတ်စဉ်(၆)နှင့် ရက်ကန်းသင်တန်းအမှတ်စဉ်(၆)ဆင်းပွဲတို့ကို ဩဂုတ် ၁၈ရက်တွင် အဆိုပါ သင်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းသင်တန်းများတွင် အခြေခံ စက်ချုပ် သင်တန်းသူ ၃၀၊ အဆင့်မြင့် စက်ချုပ်သင်တန်းသူ လေးဦး၊ သိုးမွေး စက်ဆွဲ သင်တန်းသူ ၁၀ဦး၊ ကနုကမာ ကျောက်စီ ၃၀၊ ပန်းချီသင်တန်းသူ လေးဦးနှင့် ရက်ကန်းသင်တန်းသူ ၄၂ဦးတို့ တက်ရောက် အောင်မြင်ခဲ့ကြသည်။

အလားတူ ကချင်ပြည်နယ် ပူတာအို၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်နှင့် ဗန်းမော်မြို့များရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာ သင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်းနှင့် သိုးမွေး စက်ဆွဲသင်တန်းများဆင်းပွဲနှင့် ချင်းပြည်နယ် ဖလမ်းနှင့် မင်းတပ်အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၏ အခြေခံ စက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ် သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံရက်ကန်းသင်တန်းနှင့် ကနုကမာ ကျောက်စီပန်းချီ သင်တန်းများဆင်းပွဲ၊ မတူပီအမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်တန်းကျောင်းများ ၏ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲနှင့် တီးတိန်နှင့် ကန်ပက်လက်အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်း၏ အခြေခံစက်ချုပ် သင်တန်း၊အဆင့်မြင့် စက်ချုပ်သင်တန်း နှင့် သိုးမွေးစက်ဆွဲသင်တန်းများဆင်းပွဲ ကို သက်ဆိုင်ရာ သင်တန်းကျောင်း အသီးသီးတို့၌ ဩဂုတ် ၁၈ရက်တွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆီအလှူတော်လှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၂၄

စစ်ကိုင်းမြို့ သောတာပန်ရပ် လေးကျွန်းမာရ်အောင်စေတီ ဓမ္မဒူတ ရောင်ခြည်ဓမ္မာရုံတော်၌ ဩဂုတ် ၂၇ ရက်နှင့် ၂၈ရက်တို့တွင် စစ်ကိုင်းမင်းဝံ မင်းကွန်းတောင်ရိုးနှင့် စစ်ကိုင်းမြို့မ၌ သီတင်းသုံးတော်မူကြသော ရဟန်းသံဃာ၊ ရှင်သာမဏေနှင့် သီလရှင်၊ သူတော်စင်တို့အား ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ လှူဒါန်းသော တတိယအကြိမ်သောတာပန် ဆီအလှူတော် (ဆီ၊ဆား၊ဆေးမျိုးစုံ)ကို ရေစက်သွန်းချ လှူဒါန်းကြမည်ဖြစ်သည်။

ထို့ပြင် စစ်ကိုင်းမြို့ သောတာပန်ရပ် အမက(၁၄) အောင်ချမ်းသာ နှစ်ထပ်ကျောင်းဆောင်သစ်၊ မြဝတီရပ် အမက (၁၆)ဝင်းသန်း ကျောင်းဆောင်သစ်နှင့် လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး၏ ဒုတိယပစ္စယာကို ကျောက်ပြားနှင့် ကြွေပြားခင်းခြင်းများ ပြီးစီးမှုတို့ကို လည်း ရေစက်သွန်းချ ကုသိုလ်အမျှ ပေးဝေကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှအဖွဲ့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား China Yunnan Corporation (CYC) မှ Chairman Mr.Guo Xiao Yong နှင့်အဖွဲ့သည် ဩဂုတ် ၂၁ရက် နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း ကုန်းမြင့်ရိပ်သာ (၇)မိုင်နေ ကပ္ပတိန် ဦးမောင်အုန်း-ဒေါ်စန္ဒာဦး၊ သား ကျော်ကိုကို၊ သော်ညီညီ၊ သမီး ရည်ရည်မွန်ဦး၊ သဲနုစန္ဒာဦး မိသားစုတို့က ဩဂုတ် ၂၀ရက်တွင် ရန်ကင်းမြို့နယ် ကျောက်ကုန်း မဟာဗောဓိလမ်း မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက် (ကျိုက်ပိ ကျောင်း) မဟာဝိဇယကာရီကျောင်းတော်ကြီးတည်ဆောက်ရန် ကျပ် ၁၅သိန်း၊ ကျောင်းမီးစက်အတွက် ကျပ်ရှစ်သိန်း စုစုပေါင်းငွေကျပ် ၂၃သိန်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံ ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ ဒေါက်တာစိုးလင်း-ဒေါ်မြင့်မြင့်အေး၊ သား-ရဲလင်းအောင်၊ သမီး-မေဇင်ခိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက စုပေါင်းအလှူငွေ ကျပ် ၁၆၀၀၀၀ကို အမှူးဆောင် ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ချီးမြှင့်စဉ်။
(က-ပ)

မိုးကုတ်ဝိပဿနာခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်းထောင့်နှင့် ပင်ရွှေညောင်လမ်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၂၇၆)တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ မိုးကုတ်ဝိပဿနာ ဓမ္မကထိက ဦးဓမ္မသာရက ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါး တရားများကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုကြသော ယောဂီများ ဩဂုတ် ၂၉ ရက် နောက်ဆုံးထား၍ ဖုန်း-၅၅၉၆၀၄ သို့ဖြစ်စေ၊ လူကိုယ်တိုင် ဖြစ်စေ လာရောက်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။
(က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ
(၂၄-၈-၂၀၀၆)

နေပြည်တော်	၀ ဒသမ ၃၁ လက်မ
ကျောက်တော်	၂ ဒသမ ၄၄ လက်မ
မော်လမြိုင်	၂ ဒသမ ၃၇ လက်မ
သထုံနှင့် ရန်ကုန်(မြို့လယ်)	၂ ဒသမ ၂၁ လက်မ
အောင်လံ	၀ ဒသမ ၄၇ လက်မ

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန ကိုယ်စားပြု အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုပွဲတွင် တစ်နှစ်အတွင်း အကောင်းဆုံးအားကစားသမားဆုရ တိုက်ကွမ်ဒို အားကစားသမား မစိုးစိုးမြာအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သစ်တောရေးရာ)

သစ်တောရေးရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အောင်ပွဲရအားကစားသမားများ ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၂၁ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ပြုလုပ်သော ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း ပြည်တွင်း/ပြည်ပပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာန ကိုယ်စားပြု အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုပွဲသို့တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး တစ်နှစ်အတွင်း အကောင်းဆုံးအားကစားသမားဆုရ တိုက်ကွမ်ဒို အားကစားသမား မစိုးစိုးမြာအားလည်းကောင်း၊ အောင်ပွဲရ ရေကူးအသင်းဆုကို ရေကူးအသင်းကိုယ်စား မောင်ရန်လင်းအောင်အား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် အောင်ပွဲရရှိခဲ့ကြသော အားကစားမောင်မယ်များအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အောင်ပွဲရ အားကစားသမားများကိုယ်စား တိုက်ကွမ်ဒို အားကစားသမား မစိုးစိုးမြာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီးဝန်ကြီးက အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားကာ ဂုဏ်ပြုညစာဖြင့် ဧည့်ခံသည်။

ဆုများရရှိခဲ့

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း ပြည်တွင်းပြိုင်ပွဲများ၌ ရွှေ ၈၅ဆု၊ ငွေ၄၇ဆု၊ ကြေး ၅၇ဆုနှင့် နိုင်ငံတကာပြိုင်ပွဲများ၌ ရွှေနှစ်ဆု။ ငွေရှစ်ဆု၊ ကြေးကိုးဆု စုစုပေါင်း ဆုတံဆိပ် ၂၀၈ဆုတို့ ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆဋ္ဌမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်များ၏ ဆဋ္ဌမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ တတိယနေ့အစီအစဉ်များကို ဩဂုတ် ၂၂ရက် နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲရှိ ကဇာတ်ခန်းမ၌ ဆက်လက် ကျင်းပသည်။

တက်ရောက်အားပေး

အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်၊ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်တပ်မှူးများ၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)နှင့် အနုပညာဦးစီးဌာန(မန္တလေး)တို့မှ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် စစ်သည်/စစ်သမီးများ၊ ဖိတ်ကြားထားသူများနှင့် အနုပညာဝါသနာရှင်များ တက်ရောက် အားပေးကြသည်။

တတိယနေ့ပြိုင်ပွဲ နံနက်ပိုင်းတွင် ခေတ်ပေါ်တေး(အမျိုးသား)အဆိုပြိုင်ပွဲကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အကပြိုင်ပွဲ(အမျိုးသမီး)ပြိုင်ပွဲများကို လည်းကောင်း ကျင်းပခဲ့ပြီး ညပိုင်းတွင် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲတို့မှ ပြဇာတ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ် ၂၃ရက်က ရေးဗားဆိုက်ကွင်းတွင် ကစားသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် မစ်ဒယ်ဘရော့အသင်းမှ ဗီဒူကာက ချယ်လ်ဆီးအသင်းဘက်သို့ ဂိုးသွင်းခဲ့ပြီးနောက် အသင်းဖော်များနှင့်အတူ အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ရလဒ်

လန်ဒန် ဩဂုတ် ၂၄

ဗုဒ္ဓဟူးနေ့က ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

အက်စ်တွန်ဗီလာ	(၂)	–	ရီးဒင်း	(၁)
ဘလက်ဘန်း	(၁)	–	အဲဗာတန်	(၁)
ချာလ်တန်	(၀)	–	မန်ယူ	(၃)
ဖူလ်ဟမ်	(၁)	–	ဘော်လတန်	(၁)
မန်စီးတီး	(၀)	–	ပို့စ်မောက်	(၀)
မစ်ဒယ်ဘရော	(၂)	–	ချယ်လ်ဆီး	(၁)

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ မန်ယူအသင်း ဦးဆောင်နေ

လန်ဒန် ဩဂုတ် ၂၄

ဗုဒ္ဓဟူးနေ့က ချာလ်တန်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော မန်ချက်စတာယူနိုက်တက် အသင်းသည် ယခုအခါ ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှဦးဆောင်လျက်ရှိပြီး ချယ်လ်ဆီးအသင်း၏ လွှမ်းမိုးမှုကို ချေဖျက်နိုင်ရန် တာစူနေကြောင်း ဩဂုတ် ၂၄ ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ယင်းပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းအတွက် ဒါရင်ဖလက်ချာ၊ လူးဝစ်ဆာဟာနှင့် အိုလီဂန်နာဆိုးလ်ရှားတို့က အသီးသီးဂိုးသွင်းခဲ့ကြသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့ကလည်း ဖူလ်ဟမ်အသင်းကို ငါးဂိုး–တစ်ဂိုးဖြင့် ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့သည်။

နယ်သာလန်နိုင်ငံ အမ်စတာဒမ်၌ ဘောလုံးရာသီအကြိုယှဉ်ပြိုင်ကစားခဲ့ရာတွင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသူ ဝိန်းရူနီနှင့် ပေါလ်စခိုးတို့ သုံးပွဲပွဲပယ်ခံခဲ့ရသဖြင့် မန်ချက်စတာယူနိုက်တက်အသင်း မန်နေဂျာ ဆာအလက်စ်ဖာဂူဆန်သည်ပရီမီယာလိဂ်အဖွင့်ပွဲစဉ်များ၌ ၎င်း၏အသင်း ဂိုးသွင်းနိုင်ခွင့် အားနည်းသွားမည်ကို စိုးရိမ်နေခဲ့သည်။ သို့ရာတွင် မန်ချက်စတာယူနိုက်တက်အသင်း စွမ်းဆောင်ရည် ကောင်းမွန်မှုအတွက် ဖာဂူဆန်ကျေနပ်အားရလျက်ရှိသည်ဆို၏။

အင်တာနက်။

မန်ချက်စတာယူ နိုက် တက်အသင်း၏ ကွင်းလယ် က စားသမား ဟောင်း ရွိုင်ကိန်း။

(ဓာတ်ပုံ–အင်တာနက်)

ပြည်ပ အားကစားသတင်းများ

ချယ်လ်ဆီးအသင်းရှုံးနိမ့်မှု မန်နေဂျာမော်ရင်ဟိုဝေဖန်

လန်ဒန် ဩဂုတ် ၂၄

ဗုဒ္ဓဟူးနေ့က ကျင်းပသည့် အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်း ရှုံးနိမ့်ခဲ့ခြင်းအတွက် မန်နေဂျာ ဟိုဆေးမော်ရင်ဟိုက ၎င်း၏အသင်းသားများကို ပြစ်တင်ဝေဖန်လိုက်ကြောင်း ဩဂုတ် ၂၄ရက် အင်တာနက် သတင်း၌ ဖော်ပြသည်။

ပရီမီယာလိဂ် ချန်ပီယံဆုဖလားကို တတိယအကြိမ် ဆွတ်ခူးရရှိရန် ကြိုးပမ်းလိုသော ချယ်လ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ၏ ပွဲဦးထွက်ပွဲစဉ်တွင် အရေးမလှမှုအတွက် မန်နေဂျာ မော်ရင်ဟိုက အားမလိုအားမရ ဖြစ်လျက်ရှိသည်။

ဗုဒ္ဓဟူးနေ့ပွဲစဉ်တွင် ချယ်လ်ဆီးအသင်း ရှုံးနိမ့်ခဲ့ခြင်းကြောင့် ၎င်း၏ ပြိုင်ဘက်အသင်းများအတွက် စိတ်ဓာတ်ရေးရာအရ အားတက်မှုဖြစ်ရသည်။

အဆိုပါပွဲတွင် ချယ်လ်ဆီးအသင်းက အစောပိုင်းမှာပင် ဂိုးသွင်းနိုင်ခဲ့သော်လည်း ပွဲပြီးခါနီး၌ မစ်ဒယ်ဘရော့အသင်းက နှစ်ဂိုးဆက်တိုက်သွင်းယူကာ အနိုင်ရရှိခြင်းဖြစ်သည်။

အင်ဒရီ ရှက်ဗ်ချင်ကိုသည် ယခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီတွင် ၎င်း၏ ပထမဆုံးသော ဂိုးကို ပွဲချိန် ၁၆မိနစ်တွင်သွင်းယူခဲ့သည်။

သို့ရာတွင် မစ်ဒယ်ဘရော့အသင်းမှ ပိုဂါတက်ဇီနှင့် ဗီဒူကာတို့က ပွဲချိန် မိနစ်၈၀နှင့်မိနစ် ၉၀တို့တွင် အသီးသီး ဂိုးသွင်းနိုင်ခဲ့သည်။

အင်တာနက်။

ဘောလုံးယှဉ်လု

ဩဂုတ် ၂၃ရက် လန်ဒန်ရှိ ဗယ်လီစတေဒီယမ်တွင် ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၌ ချာလ်တန်အသင်းမှ မားကပ်စ်ဘင့်(ဝဲ)နှင့် မန်ယူအသင်းမှ ဂျွန်အိုရှီးယားတို့ ဘောလုံးယှဉ်လုကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆန်ဒါလန်းအသင်း မန်နေဂျာ ရွိုင်ကိန်း ဖြစ်လာဖွယ်ရှိ

လန်ဒန် ဩဂုတ် ၂၄

လာမည့်တနင်္လာနေ့တွင် အိမ်ကွင်း၌ ဝက်စ်ဘရွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲအမီ ရွိုင်ကိန်းအား ဆန်ဒါလန်းအသင်း၏ မန်နေဂျာသစ်အဖြစ် အတည်ပြုနိုင်မည်ဟု မျှော်လင့်ရကြောင်း ဩဂုတ် ၂၄ရက် အင်တာနက် သတင်း၌ ဖော်ပြသည်။

မိမိတို့အသင်းသည် အောင်ပွဲရဘောလုံးသမားတစ်ဦးကို မန်နေဂျာအဖြစ် ခန့်အပ်ရန် သန္နိဋ္ဌာန်ချမှတ်ထားသည်ဟု ဆန်ဒါလန်းအသင်း၏ ဥက္ကဋ္ဌ နီအောကွင်းက ပြောကြားသော်လည်း ရွိုင်ကိန်း၏ အမည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဆန်ဒါလန်းအသင်းဥက္ကဋ္ဌသည် ရွိုင်ကိန်းနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

အင်တာနက်။

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့ လားရှိုးမြို့ နားဖကျေးရွာရှိ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း လားရှိုးမြို့နယ်ရှိ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၄

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၉ ရက် နံနက် စနာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သုတေသနနှင့် ကာကွယ်ဆေးထုတ်လုပ်ရေး ဌာနစုသို့ ရောက်ရှိလာပြီး နိုက်ထရိုဂျင်အရည် ထုတ်လုပ်သည့်စက်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ် ခြေမြစ်ပင်ကျေးရွာရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးပွားကြက်မွေးမြူရေးခြံသို့ ရောက်ရှိ၍ အထွေထွေမန်နေဂျာ ဒေါက်တာသန်းရွှေ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး မျိုးပွားကြက်မွေးမြူရေးခြံအတွင်း အဏုဇီဝလုံခြုံရေး(Bio-Security) ကို အထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊အရှေ့မြောက်တိုင်းစစ်ဌာနချုပ် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳



ဓာတ်အားဖြန့်ဖြူးရေးတွင် တာဝန်ယူ ဆောင်ရွက်နေသကဲ့သို့ ဝင်ငွေတိုးတက်ရရှိရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ပဲခူးတိုင်းရှိ ဓာတ်အားပေးစက်ရုံများစစ်ဆေး

ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ပြည်မြို့ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ အရာထမ်းနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာနသည် ဓာတ်အားဖြန့်ဖြူးရေးအပိုင်းတွင် တာဝန်ယူဆောင်ရွက်နေသကဲ့သို့ ဝင်ငွေတိုးတက်ရရှိရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို မှန်မှန်ကန်ကန် လုပ်ကိုင်ပြီး ဝင်ငွေတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်စေလိုကြောင်းပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပြည်မြို့ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ၏ Switch Yardအတွင်း ကြည့်ရှုစစ်ဆေးရာ ဓာတ်အားခွဲရုံမှူး လက်ထောက်အင်ဂျင်နီယာ ဦးသိန်းမြင့်နှင့် တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားလက်ခံရရှိမှု၊ ဖြန့်ဖြူးမှုတို့ကို လိုက်လံရှင်းလင်း ပြသကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဓာတ်အားခွဲရုံအတွင်း ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး ဦးသိန်းမြင့်က ပြည်သူများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် အလေးထား ဆောင်ရွက်စေလိုကြောင်းမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဓာတ်အားခွဲရုံ စီမံကိန်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့အနီး ပုသိမ်-မုံရွာ ကားလမ်းဘေးရှိ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းတာဝန်ခံ ဦးစိုးလွင်က မိမိတို့ စီမံကိန်းအနေဖြင့် ဆောင်ရွက်ပြီး Project ကိုးခု **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❒

အင်တာနက်သတင်း

ပူနွေးသောပန်း၏ဝတ်ရည်ကိုသာ နှစ်သက်သော ပိတုန်းမျိုးတစ်ကောင် ပန်းဝတ်ရည် စုပ်ယူနေစဉ်။

ပူနွေးသောပန်းဝတ်ရည်ကိုသာ စုပ်ယူသော ပိတုန်းမျိုးကို သိပ္ပံပညာရှင်များ တွေ့ရှိ

လန်ဒန် ဩဂုတ် ၂၄

ပူပူနွေးနွေးပန်းဝတ်ရည်မျိုးကိုသာ ရွေးချယ်စုပ်ယူတတ်သော ပိတုန်းမျိုးများကို သိပ္ပံပညာရှင်များ လေ့လာတွေ့ရှိကြောင်း ဩဂုတ် ၂၃ ရက်တွင် ထွက်ပေါ်လာသော သတင်းကဖော်ပြသည်။

ပိတုန်းများသည် ပန်းများ၏ ဝတ်ရည်ကို သောက်သုံးရာ၌ ပူနွေးသော ပန်းဝတ်ရည်ကိုရရှိရန် ပူနွေးသည့်ပန်းကို တွေ့ရသည်အထိ တစ်ပွင့်ချင်း ရွေးချယ်ကာ ရှာဖွေတတ်ကြသည်ဟုဆိုသည်။

လန်ဒန်မြို့ ကွင်းမေရီတက္ကသိုလ်မှ ပညာရှင်များက အရောင် အမျိုးမျိုးနှင့် အပူချိန်အမျိုးမျိုးရှိသော ပန်းများကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖